ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၆ရက်၊ စနေနေ့၊ (10-4-2004) (၄၂၀၂)

ကာလေန ဓမ္မဿဝနံ ဧတံ မင်္ဂလ မုတ္တမံ။

သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

အခြေခံအရည်အချင်းငါးပါး

တပ်မတော်ရဲ့ အစဉ်အလာတွေကို ဆက်လက်သယ်ပိုးနိုင်ဖို့အတွက် ရဲဘော်တို့ဟာ စိတ်ဓာတ်ကောင်းရမယ်၊ စည်းကမ်းကောင်းရမယ်၊ သစ္စာရှိရမယ်၊ စည်းလုံးညီညွတ်မှုရှိရမယ်၊ စွမ်းရည်သုံးရပ်နဲ့ပြည့်စုံရမယ်၊ ဒါဟာ တပ်တိုင်း ရဲဘော်တိုင်းမှာ ရှိရမယ့် အခြေခံအရည်အချင်း ငါးပါးဖြစ်တယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

တပ်မတော်၏ အစဉ်အလာများကို သယ်ပိုးနိုင်သည့် ခေါင်းဆောင်ကောင်းများဖြစ်ရန် ကြိုးစား ရှိပြီးနည်းပညာများဖြင့် တင်းတိမ်မနေဘဲ မသိသေးသည့် နည်းပညာများရရှိလာသည်ထိ ဖော်ထုတ် တပ်မတော်နှင့် နိုင်ငံတော်၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်သည့် သားကောင်းရတနာများဖြစ်ရန် ကြိုးပမ်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်

ရန်ကုန် ဧပြီ ၉

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့် မိန့်ခွန်း အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

မိန့်ခွန်းပြောကြား

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ရဲဘော်တို့–

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲ အခမ်းအနားမှာ ရဲဘော်တို့ သိသင့်သိထိုက်တာတွေကို အလေးအနက် မှာကြားသွားမှာ ဖြစ်တယ်။

ရဲဘော်တို့ဟာ သင်တန်းကာလအတွင်းမှာ စစ်ပညာများနဲ့ နည်းပညာဘာသာရပ်အသီးသီးတို့ကို လေ့ကျင့်သင်ကြားအောင်မြင်ခဲ့ကြပြီးဖြစ်တယ်၊ ယနေ့ဆိုရင် စစ်ဘက်အင်ဂျင်နီယာ ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ပေးခန့်အပ်ခြင်းကို ခံယူကြရတော့မှာဖြစ်တယ်။

ရဲဘော်တို့–

တပ်မတော်သားဘဝကို ခံယူရရှိလာကြတဲ့ ရဲဘော်တို့ဟာ တပ်မတော်ရဲ့ မွန်မြတ်သော အစဉ်အလာ(၁၂)ရပ်ကို အသက်ပေး စောင့်ထိန်းကြရမယ်။

တပ်မတော်ရဲ့ အစဉ်အလာတွေကို ဆက်လက်သယ်ပိုးနိုင်ဖို့အတွက် ရဲဘော်တို့ဟာ စိတ်ဓာတ်ကောင်းရမယ်၊ စည်းကမ်းကောင်းရမယ်၊ သစ္စာရှိရမယ်၊ စည်းလုံးညီညွတ်မှုရှိရမယ်၊ စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံရမယ်၊ ဒါဟာ တပ်တိုင်း ရဲဘော်တိုင်းမှာရှိရမယ့် အခြေခံအရည်အချင်းငါးပါးဖြစ်တယ်။

စိတ်ဓာတ်ကောင်းခြင်းဆိုတာ မျိုးချစ်စိတ်ဓာတ်ထက်သန်ခြင်း၊ တစ်ဦးချင်း ကိုယ်ကျိုးကို ပဓာနမထားဘဲ နိုင်ငံတော်အတွက် စွန့်လွှတ်စွန့်စားလိုစိတ်ရှိခြင်းနဲ့ စိတ်ဓာတ်မြင့်မြတ်ခြင်းတို့ ဖြစ်တယ်၊ စိတ်ဓာတ်ကောင်းရင် စည်းကမ်းကောင်းမယ်၊ နိုင်ငံတော်၊ နိုင်ငံသားနဲ့ တပ်မတော်အပေါ် သစ္စာရှိမယ်၊ အမျိုးသားရေး ယုံကြည်ချက်တစ်ခုတည်းအပေါ်မှာ စည်းလုံးညီညွတ်ကြမယ်၊ ဒါကြောင့် စိတ်ဓာတ်ဟာ အခြေခံအကျဆုံးနဲ့ အဓိကအကျဆုံး အချက်ပဲဖြစ်တယ်။

ရဲဘော်တို့–

စိတ်ဓာတ်ကောင်းခြင်းဟာ ခေါင်းဆောင်မှုအတွက်လည်း ကြီးမားစွာ အထောက်အကူပြုစေတာဖြစ်တယ်၊ ခေါင်းဆောင်ကောင်းတစ်ယောက်ဟာ တပ်မှူးကောင်းစိတ်ဓာတ်နဲ့ မိဘသဖွယ် စိတ်ဓာတ်ရှိခြင်း၊ တပ်ရဲ့ကောင်းရာကောင်းကျိုးအတွက် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၀-၄-၂၀၀၄
(စနေနေ့)

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ခေတ်မီစက်မှုဇုန်များထူထောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိရာတွင် စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် ပဓာနကျသည်။ ထို့ကြောင့် နိုင်ငံတော်က စက်မှုနိုင်ငံတော်အဖြစ် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေး အစီအမံများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်ကစက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စက်ရုံ၊ အလုပ်ရုံအသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ အခြေအနေပေးသော နယ်မြေဒေသများတွင် စက်မှုဇုန်များ တည်ထောင်ပေးခြင်းတို့ကို ကူညီအားပေးလျက်ရှိသည်။ တည်ထောင်ပြီး စက်မှုဇုန်များအနက် ရန်ကုန်၊ မန္တလေးစက်မှုဇုန်များနှင့် တောင်ကြီးအေးသာယာစက်မှုဇုန်၊ မုံရွာစက်မှုဇုန်တို့သည် လုပ်ငန်းများ အရှိန်အဟုန်ရလျက်ရှိသည်။

အဆိုပါ စက်မှုဇုန်များတွင် မော်တော်ယာဉ်အမျိုးမျိုးနှင့် လယ်ယာလုပ်ငန်းသုံး စက်ကိရိယာပစ္စည်းများ၊ မော်တော်ယာဉ် စက်ပစ္စည်းများ၊ စက္ကူနှင့် ပလတ်စတစ်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများကို အောင်မြင်စွာ ထုတ်လုပ်လျက်ရှိသည်။

ငွေပင်လယ် ရေလုပ်ငန်းစက်မှုဇုန် ဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၇ ရက်နေ့က ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ရွှေပြည်သာတံတားအနီးရှိ ငွေပင်လယ်ရေလုပ်ငန်း စက်မှုဇုန်တွင်ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အမှာစကားပြော ကြားရာတွင် **ယနေ့ဖွင့်လှစ်သည့် ငွေပင်လယ်ရေလုပ်ငန်း စက်မှုဇုန်တွင်လည်း အခြေခံလိုအပ်ချက်များ ပြည့်ပြည့်စုံစုံ ထည့်သွင်းတည်ဆောက်ထားသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ၏ ရေထွက်သယံဇာတပစ္စည်းများကို အကျိုးရှိရှိ ထိုက်ထိုက်တန်တန် ထုတ်လုပ်အသုံးချနိုင်ရေးအတွက် များစွာအထောက်အကူဖြစ်စေမှာဖြစ်၍ ခေတ်မီစက်မှုဇုန်အင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံသည့် ခေတ်မီစက်မှုဇုန်တစ်ခုဖြစ်အောင် စီမံကိန်းစီမံချက်ပါအတိုင်း စနစ်တကျ ထူထောင်သွားကြရန်** မှာကြားခဲ့သည်။

ငွေပင်လယ် ရေလုပ်ငန်းစက်မှုဇုန်သည် လှိုင်သာယာမြို့နယ် ရွှေပြည်သာတံတားအနီး လှိုင်မြစ်ကမ်း၌တည်ရှိပြီး ၂၁၃ ဒသမ ၄၃ ဧက ကျယ်ဝန်းသည်။

ငွေပင်လယ်ရေလုပ်ငန်း စက်မှုဇုန်သည် မြန်မာနိုင်ငံ၏ ပထမဆုံးသော ရေလုပ်ငန်းစက်မှုဇုန်ဖြစ်သည်။ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းအပါအဝင် ရေလုပ်ငန်းနှင့်ပတ်သက်သော အအေးခန်းဖြင့် သိုလှောင်မှု၊ စားသောက်ကုန်ထုတ်လုပ်မှု စသည့်လုပ်ငန်းများကို တစ်နေရာတည်းတွင် အချိတ်အဆက်မိမိ ရယူဆောင်ရွက်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ ရေလုပ်ငန်းစက်မှုဇုန်တွင် ရေယာဉ်များ လွယ်လင့်တကူ ဆိုက်ကပ်၍ ရေထွက်ပစ္စည်းများ တင်ပို့ရောင်းချနိုင်မည့်အပြင် ရေယာဉ်ပြင်ဆင်လွန်းတင်ခြင်းများကိုပါ ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

နိုင်ငံတော်က စိုက်ပျိုးရေးအပါအဝင် စက်မှုလက်မှုနှင့်အခြားသော ကုန်ထုတ်လုပ်မှုကဏ္ဍအသီးသီး၌ ပြည်ပပို့ကုန် တိုးချဲ့ထုတ်လုပ်နိုင်ရေး၊ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ ဖြစ်ထွန်းလာရေးတို့ကို အားပေးဖြည့်ဆည်းပေးလျက်ရှိချိန်တွင် ယခုကဲ့သို့ ရေလုပ်ငန်းဆိုင်ရာ စက်မှုဇုန်တစ်ခု ပေါ်ထွက်လာခြင်းသည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအထောက်အကူပြုလာမည်ဖြစ်သည်။

သို့ဖြစ်ရာ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်လုပ်မှုမြင့်မားရေး၊ အများပြည်သူ သုံးစွဲနိုင်သောပစ္စည်းများ၊ သွင်းကုန်အစားထိုးကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေသည့် ယနေ့အချိန်အခါတွင် ငွေပင်လယ်ရေလုပ်ငန်း စက်မှုဇုန်အနေဖြင့် ရေထွက်ပစ္စည်းများကို အကျိုးရှိရှိ ထိုက်ထိုက်တန်တန် အသုံးချပြီး ခေတ်မီစက်မှုဇုန်တစ်ခုဖြစ်ရေး ထူထောင်သွားရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကုန်သည်/ စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင် ဦးထွန်းအောင် (မြန်မာညွန့်)၊ အလုပ်အမှုဆောင်များဖြစ်ကြသော ဦးလှမောင်၊ ဦးမျိုးသန့်နှင့် အကြံပေးအရာရှိ ဦးအောင်မြင့်တို့ ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့၌ ကျင်းပခဲ့သော Confederation of Indian Industries (CII) Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI) တို့၏ အိန္ဒိယ-မြန်မာပူးတွဲလုပ်ငန်းအဖွဲ့ (India-Myanmar Joint Task Force) အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ UMFCCI အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

UMFCCI အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့၌ ရောက်ရှိနေစဉ်အတွင်း ဧပြီ ၆ရက်တွင် India-Myanmar Joint Task Force ၏ ပထမအကြိမ်အစည်းအဝေးကို ကျင်းပရာ ရေးဦးစွာ CII Past President and Chairman of India-Myanmar Joint Task Force, Mr.Rajive Kaul က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ UMFCCI အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. R.K. Bhatiaနှင့် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာကောင်စစ်ဝန်ချုပ် ဦးဇေယျာဦးတို့က အမှာစကားပြောကြားသည်။

ထို့နောက် India-Myanmar Joint Task Force ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန် သတ်မှတ်ချက်များ၊ အိန္ဒိယနိုင်ငံ(အနောက်မြောက်ဒေသ) နှင့် မြန်မာနိုင်ငံတို့အကြား နှစ်နိုင်ငံ ကုန်သွယ်မှုတိုးမြှင့်ရေး၊ ထပ်ဆင့်တန်ဖိုးမြှင့်ပစ္စည်းများ တိုးတက်တင်ပို့ရေး၊ စီးပွားရေးနှင့် ကုန်သွယ်မှုသတင်းများ အပြန်အလှန်ဖလှယ်ရေး၊ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရေးနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ Export Processing Zone တည်ဆောက်ရေး၊ အိန္ဒိယနိုင်ငံ၌ Made in Myanmar Exhibition ပြသရေး၊ ဒုတိယအကြိမ်ပူးတွဲအစည်းအဝေးကို မြန်မာနိုင်ငံ၌ ဇူလိုင်လအတွင်းကျင်းပရေး၊ နှစ်နိုင်ငံအဆင့်မြင့်စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သော COEs Forum ဖွဲ့စည်းရေး စသော ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်း ခဲ့ကြသည်။ (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဧပြီ ၉ရက်က မြို့တော်ခန်းမ၌ ကျင်းပသည့် ၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ပွဲတော်၌ တင်ဆက်ဖျော်ဖြေမည့် အစီအစဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။

(၁၉)

သင်္ကြန်အလှ မြန်မာ့ဂုဏ်

– ၁ –

* ရွှေရည်ဆွတ်ဖျန်း၊ ပိတောက်ပန်းသည်၊
စိမ်းလန်းညှာတံ၊ လိမ်းကျံမြရည်၊
ပွင့်ခဲ့ပြီလေ၊ ကြည်လင်သန့်ရှင်း၊
ရင်တွင်းမေတ္တာ၊ စမ်းရေဖြာသို့၊
အတာသဘင်၊ နွှဲပျော်ဆင်ကြ၊
စဉ်လာဓလေ့၊ လွန်သိမ်မွေ့။

– ၂ –

* မြန်မာ့အလှ၊ အကအဆို၊
ချိုတေးသံပြိုင်၊ သံချပ်တိုင်လျက်၊
မြိုင်ပေ့အိုးစည်၊ ထုံထုံမြည်၍၊
ပီပေ့ငွေနှဲ၊ အချွဲအငင်၊
သံစဉ်နွဲ့နွဲ့၊ ပေါင်းစပ်ဖွဲ့ပြီး၊
ဝါးနဲ့လင်းကွင်း၊ အတင်းအလျှော့၊
အချော့အမြှူ၊ ကလူကျီစယ်၊
ဘယ်ညာသံပြောင်း၊ ကောင်းမှကောင်းဘိ၊
ပီတိလျှမ်းလျှမ်း၊ နှစ်ဆန်းသဘင်၊
ပျော်ပျော်ရွှင်။

– ၃ –

* ပန်းပိတောက်တို့၊ ကြိုင်လှောက်ရနံ့၊
သင်းပျံ့ပျံ့မွှေး၊ ရင်ထဲအေးစွ၊
မြန်မာ့သင်္ကြန်၊ စံနှုန်းဓလေ့၊
သိမ်မွေ့အစဉ်လာ၊ ယဉ်ကျေးစွာဖြင့်၊
မေတ္တာနှင့်ပေါင်း၊ သွန်းလောင်းအတာရေ၊
ကမ္ဘာမြေတွင်၊ ငြိမ်းစေချမ်းစေ၊
ညီညွတ်စေဟု၊ ဆုခြွေဆန္ဒ၊
သင်္ကေတဖြင့်၊ လှုပမွှေးထုံ၊
မြန်မာ့ဂုဏ်ကို ဆောင်သတည်း။ ။

ကေတုနီလာ

အီရတ်တွင် ခုခံတိုက်ခိုက်မှုများကြောင့် တိုက်ပွဲများ ပြင်းထန်လျက်ရှိ

ဧပြီ ၇ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများကို ဟစ်ကြွေးနေသော ခုခံတိုက်ခိုက်ရေးသမားများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၇ ရက်က အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် ခုခံတိုက်ခိုက်ရေးသမားများ၏ ပစ်ခတ်မှုကြောင့် အရေးပေါ်ဆင်းသက်ခဲ့ရသော အမေရိကန် စစ်ရဟတ်ယာဉ်တစ်စင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၇ ရက်က အီရတ်နိုင်ငံ ကွတ်မြို့တွင် ခုခံတိုက်ခိုက်ရေးသမားများနှင့် ယူကရိန်းတပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် နေအိမ်တစ်လုံး ပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၇ ရက်က မြို့တော်ဘဂ္ဂဒက်ဆင်ခြေဖုံးရှိ အဝေးပြေးလမ်းမကြီးကို ပိတ်ဆို့ထားသော အမေရိကန်တပ်ဖွဲ့ဝင်များက ၎င်းတို့ဆီသို့ မောင်းနှင်လာသည့် မော်တော်ယာဉ်များကို စောင့်ကြည့်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၇ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန် တပ်ဖွဲ့ကို တိုက်ခိုက်ရန် ပြင်ဆင်နေသော ခုခံတိုက်ခိုက်ရေးသမားများကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ဧပြီ ၇ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့ရှိလမ်းတစ်လမ်းတွင် အမေရိကန်နှင့် အပေါင်းပါတပ်များကို တိုက်ခိုက်ရန် ပြင်ဆင်နေသည့် အီရတ် ခုခံတိုက်ခိုက်ရေးသမားများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြည်တွင်းနှင့်ပြည်ပတွင် သမ္မတဘုရှ်အပေါ် အယုံအကြည်ကင်းမဲ့ အီရတ်စစ်ပွဲသည် ဗီယက်နမ်စစ်ပွဲကဲ့သို့ ဖြစ်လာနေပြီ

ဝါရှင်တန် ဧပြီ ၇

အမေရိကန်ပြည်ထောင်စု နိုင်ငံရေးလောကတွင် လွန်ခဲ့သော အနှစ် ၃၀ က သမ္မတ ရစ်ချက်နစ်ဆင်လက်ထက် ဝါးတားဂိတ်နိုင်ငံရေး အရှုပ်တော်ပုံပေါ်ပေါက်ခဲ့ပြီး သမ္မတအပေါ် လူထု အယုံအကြည်ကင်းမဲ့ခဲ့ရသည်။ ယခုအခါလည်း သမ္မတဘုရှ်လက်ထက်တွင် ပြည်တွင်းနှင့်ပြည်ပ နှစ်ဌာနစလုံး၌ အမေရိကန်သမ္မတအပေါ် အကြီးအကျယ် အယုံအကြည်မဲ့စရာကိစ္စ ဖြစ်လာသည်ဟု သမ္မတနစ်ဆင်နှင့်နှိုင်းယှဉ်၍ ဒီမိုကရက်တစ်အမတ် အက်ဒွပ်ကနေဒီက သမ္မတဘုရှ်အပေါ် ဝေဖန်ပြောကြားခဲ့သည်။

မှတ်ချက်ပေး

မက်ဆာချူးဆက်အမတ် ဂျွန်ကယ်ရီသည် အမေရိကန်သမ္မတအဖြစ် လာမည့်ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်အရွေးခံမည့်သူဖြစ်သည်။ ကနေဒီသည် ကယ်ရီကို အဓိက ထောက်ခံအားပေးနေသူ အမတ်တစ်ဦးဖြစ်သည်။ ကနေဒီက အီရတ်စစ်ပွဲသည် ဘုရှ်အတွက် ဗီယက်နမ်စစ်ပွဲကဲ့သို့ ဖြစ်လာနေပြီဟု မှတ်ချက်ပေးလိုက်သည်။ ဗီယက်နမ်စစ်ပွဲကြောင့် အမေရိကန်များ အကြားတွင် သဘောထားကွဲပြားမှုများ ဖြစ်ပေါ်လာခဲ့ရသည့်အပြင် ၎င်းကိစ္စ၏ တွန်းပို့မှုကြောင့် ထိုစဉ်က သမ္မတဖြစ်ခဲ့သူ လင်ဒန်ဂျွန်ဆင်သည် သမ္မတအဖြစ်မှ ဆင်းပေးခဲ့ရသည်။

အီရတ်စစ်ပွဲကြောင့် အမေရိကန်အစိုးရသည် နိုင်ငံ၏ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် အလေးမပေး ဂရုမစိုက်နိုင်ဘဲ လမ်းလွဲ သွေဖည်သွားကြသည်ဟု ကနေဒီက ဆက်လက်ပြောကြားသည်။ ၎င်း၏ ဘုရှ်အပေါ် အဆိုးရွားဆုံးသော ထိုးနှက်ချက်မှာ ရီပတ်ဘလီကန် သမ္မတသည် ကိစ္စအတော်များများတွင် စိတ်ချရသူတစ်ဦး မဟုတ်ဟူသော ဝေဖန်ချက်ပင်ဖြစ်သည်ဟု ဆိုသည်။

သမ္မတဘုရှ်၏ အစိုးရသည် အမေရိကန် ပြည်သူလူထုနှင့် ကွန်ဂရက်ကို အီရတ်စစ်ပွဲနှင့် ပတ်သက်၍ လမ်းလွဲသို့ ရောက်အောင် ခေါ်ဆောင်သွားခဲ့သည်၊ ထို့အပြင် ကမ္ဘာတစ်ဝန်းရှိ မဟာမိတ်နိုင်ငံများနှင့်လည်း ဆက်ဆံရေး တင်းမာလာသည့် အခြေအနေရောက်အောင် ဆောင်ကြဉ်းခဲ့သည်ဟု အပြစ်ဆိုခဲ့သည်။

ကြုံခဲ့ရ

အမေရိကန် အစိုးရသည် သိလျက်နှင့် အခွန်ဖြတ်တောက်ရေး အစီအစဉ်ကို ဆောင်ရွက်ခဲ့သည်။ ထိုလုပ်ရပ်ကြောင့် ပြည်တွင်း၌ အလုပ်အကိုင်နေရာ သန်းနှင့်ချီ၍ ဆုံးရှုံးသွားသည့် အဖြစ်နှင့် ကြုံခဲ့ရသည်။ ထို့အပြင် ကျန်းမာရေး၊ ဆေးဘက် ဆိုင်ရာနှင့် ပညာရေးကိစ္စများ၌လည်း ကမောက်ကမ ဖြစ်စေခဲ့ရသည်ဟု စွပ်စွဲပြောဆိုခဲ့သည်။

ဝမ်းနည်းဖွယ်ရာ အမှားတစ်ခု ပြုလုပ်ခဲ့သေးသည့်ကိစ္စမှာ အစိုးရအဖွဲ့သည် ပွင့်ပွင့်လင်းလင်း ဝေဖန်ဆွေးနွေးရေးကိစ္စကိုပင် လိုက်နာရန် ပျက်ကွက်ခဲ့သည်ဟု ဝါရှင်တန်၏ ပညာရှင်များတည်ရှိရာ ဘရွတ်ကင်း အင်စတီကျူတွင် ကနေဒီက ဘုရှ်အစိုးရနှင့်ပတ်သက်၍ ဝေဖန်ပြောကြားသွားသေးသည်။

လုပ်ကြံအသုံးချ

အမေရိကန် အုပ်ချုပ်ရေးပိုင်းမှ အရာရှိများသည် အချို့ကိစ္စ အတော်များများတွင် မှားနေမှန်း သိသည်၊ သို့မဟုတ် မှားနေမှန်း သိတန်ရာသော ကိစ္စများကို လူထုလက်ခံလာအောင် ဖန်တီးယူခဲ့ကြသည်။

ထိုသို့ပြုလုပ်ရာ၌ မှားယွင်းသော အချက်အလက်များကို အကြိမ်ကြိမ် အဖန်ဖန် လုပ်ကြံအသုံးချခဲ့ကြသည်ဟု ဆိုသည်။

အထက်ဖော်ပြပါ လုပ်ရပ်များကြောင့် သမ္မတဘုရှ်အပေါ် ပြည်သူလူထု ယုံကြည်မှု အကင်းမဲ့ဆုံး အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။ ၁၉၇၄ ခုနှစ် သမ္မတရစ်ချက်နစ်ဆင်လက်ထက်က ဝါးတားဂိတ်ပြဿနာကြောင့် အယုံအကြည်မဲ့မှု ဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း ယခု ဘုရှ်လက်ထက်တွင် အယုံအကြည်မဲ့မှု ဖြစ်ပေါ်လာသော အခြေအနေသည် အဆိုးရွားဆုံးဖြစ်သည်ဟု ကနေဒီက ဆိုသည်။

အခြေဆိုက်

ဘုရှ် အစိုးရ၏ လုပ်ရပ်ကြောင့် အမေရိကန်၏ အမျိုးသားလုံခြုံရေးကို အောက်ခြေမှစ၍ ဖျက်ဆီးသကဲ့သို့ ဖြစ်ရသည်။ စီးပွားရေးကိစ္စ၊ ကျန်းမာရေးကိစ္စများကိုလည်း တူးဆွဖြိုလှဲသကဲ့သို့ အခြေဆိုက်စေသည်။

ထို့အပြင် နိုင်ငံ၏ အခြေခံ အားဖြစ်သော ဒီမိုကရေစီကျင့်စဉ်ကိုပင် အခြေပျက်ပြားသည့်အဖြစ်သို့ ရောက်ရှိစေသည်။

သို့ဖြစ်၍ မိမိတို့အနေဖြင့် အပြောင်းအလဲတစ်ရပ် ဖြစ်ပေါ်လာရန် လိုအပ်နေပြီဖြစ်ကြောင်း။

ဤသို့ အပြောင်းအလဲဖြစ်စေမည့် ရွေးကောက်ပွဲကျင်းပမည့် နိုဝင်ဘာလသည်ပင် ရောက်ခဲလှပါသည်ဟု ကနေဒီက သုံးသပ်ပြောကြားသွားသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံခြားသတင်းများ

ဘာကူဘာမြို့အနီး ကန်ရဟတ်ယာဉ်ပစ်ခတ်ခံရ

ဘဂ္ဂဒက် ဧပြီ ၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြောက်ပိုင်းဒေသတွင် အမေရိကန် ရဟတ်ယာဉ်တစ်စင်း ဗုဒ္ဓဟူးနေ့က ပစ်ခတ်ခံရကြောင်း၊ သို့ရာတွင် မြေပြင်ပေါ်သို့ ဘေးမသီရန်မခ ဆင်းသက်နိုင်ခဲ့ကြောင်းဖြင့် အမေရိကန်စစ်ဘက်က ပြောကြားသည်။

အိုအိပ်ချ်-၅၈ ရဟတ်ယာဉ်သည် ဘဂ္ဂဒက်မြို့တော်မှ ကီလိုမီတာ ၆၀ အကွာရှိ ဘာကူဘာမြို့အနီးတွင် နေ့လယ် ၁ နာရီထိုးအပြီး မကြာမတင်တွင် ဆင်းသက်ခဲ့ရကြောင်းဖြင့် အမေရိကန် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းပစ်ခတ်မှုကြောင့် ရဟတ်ယာဉ် ပျက်စီးမှုအချို့ ဖြစ်ပေါ်ခဲ့ကြောင်း၊ သို့ရာတွင် တပ်ဖွဲ့ဝင် သေဆုံးမှုမရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါရဟတ်ယာဉ် မြေပြင်သို့ ဆင်းသက်ပြီးနောက် ယင်းနေရာ တစ်ဝိုက်တွင် လက်နက်ကြီးများနှင့် ပစ်ခတ်သံများ ပေါ်ပေါက်လာခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဧပြီ ၇ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့၏ ဆင်ခြေဖုံးဒေသတွင် ကင်းလှည့်နေသော အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲဆင်နွှဲမှု ဆိုးကျိုးသာပိုများ ကန်နှင့်ဗြိတိန်တို့ကို လက်နက်စစ်ဆေးရေးမှူးဟောင်းက ဝေဖန်

ကိုပင်ဟေဂင် ဧပြီ ၇

အီရတ်စစ်ပွဲ စရိတ်ထောင်းမှုသည် ဆက်ဒမ်ဟူစိန်အား ရာထူးမှဖယ်ရှားလိုက်သည့် အကျိုးထက် အလေးသာလျက်ရှိကြောင်း ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးဟောင်း ဟန်းစ်ဘလစ်ဇ်က ဒိန်းမတ်နိုင်ငံမှ သတင်းစာတစ်စောင်သို့ ပြောကြားလိုက်သည်။

အီရတ်တွင် အမေရိကန်ရရှိနိုင်သော အကျိုးနှင့် ဆိုးကျိုးကို နှိုင်းယှဉ်ကြည့်ပါက အဆိုးဘက်က လွှမ်းမိုးနေသည်မှာ အထင်အရှားဖြစ်နေကြောင်း ဘလစ်ဇ်က နေ့စဉ်သတင်းစာ အစ်ဗ်လန်းပိုစတင်နှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

အမေရိကန် ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့သည် အီရတ်နိုင်ငံတွင် တားမြစ်လက်နက်များ ဆက်လက်ရှာဖွေရန်အတွက် ကုလသမဂ္ဂကို ဆောင်ရွက်ခွင့်ပြု ရမည့်အစား ကုလသမဂ္ဂ၏ ထောက်ခံမှုမပါဘဲနှင့် အီရတ်စစ်ပွဲ ဆင်နွှဲခဲ့ခြင်းကို ဆွီဒင်နိုင်ငံမှ သံတမန် တစ်ဦးဖြစ်ခဲ့သူ ဘလစ်ဇ်က ဝေဖန်သည်။

အီရတ်စစ်ပွဲဖြစ်ပွားမှုကြောင့် အရှေ့အလယ်ပိုင်းဒေသတွင် မတည်မငြိမ်ဖြစ်စေခဲ့ပြီး ဒီမိုကရေစီနှင့် ဝေးကွာခဲ့ရကြောင်း ဘလစ်ဇ်က ထပ်လောင်းပြောကြားခဲ့သည်။

အီရတ်နိုင်ငံ ဖော်လူဂျာမြို့ရှိ လမ်းတစ်လမ်းပေါ်တွင် စောင့်ကြပ်နေသော အီရတ် ခုခံတိုက်ခိုက်ရေးသမားတစ်ဦးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကြေညာခဲ့

သမ္မတဘုရှ်သည် အကြမ်းဖက်တိုက်ခိုက်မှုအပေါ် အမေရိကန်ပြည်ထောင်စုက တိုက်ခိုက်ဆင်နွှဲမည့် စစ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ကြေညာခဲ့ကြောင်း၊ သို့ရာတွင် အကြမ်းဖက်မှု၏ အကျိုးသက်ရောက်မှုကို သတ်သတ်မှတ်မှတ် ခွဲခြားရမည့်အစား ယင်းစစ်ပွဲက ပိုမိုကြောက်မက်ဖွယ်ရာကောင်းစေသည့်အကြမ်းဖက်မှုအတွက် အခြေခံအုတ်မြစ်ချပေးသလို ဖြစ်စေကြောင်း ဘလစ်ဇ်က ပြောကြားသည်။

ဘလစ်ဇ်သည် ရှေ့နေနှင့် ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဖြစ်သည်။ ယခုအခါ ဆွီဒင်နိုင်ငံ၏ လူအစုလိုက်အပြုံလိုက်သေစေသည့် အဖျက်လက်နက်များ ကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေပြီး ကုလသမဂ္ဂတာဝန်မှ လွန်ခဲ့သည့် ဇွန်လက အနားယူခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

နိုင်ငံခြားသား ၁၁ ဦးကို ဓားစာခံအဖြစ် ဖမ်းဆီး အီရတ်မှ ဂျပန်တပ်ဖွဲ့ ရုပ်သိမ်းပေးရန် တောင်းဆို

ဘဂ္ဂဒက် ဧပြီ ၉

တောင်ကိုရီးယားနိုင်ငံသား ခုနစ်ဦး၊ ဂျပန်နိုင်ငံသား သုံးဦးနှင့် ဗြိတိန်နိုင်ငံသား တစ်ဦးတို့သည် ကြာသပတေးနေ့က အီရတ်နိုင်ငံအတွင်း ဓားစာခံအဖြစ် အဖမ်းခံထားရကြောင်း သတင်းများတွင် ဖော်ပြသည်။ အီရတ်နိုင်ငံမှနေ၍ ဂျပန်တပ်ဖွဲ့ကို ပြန်လည်ရုပ်သိမ်းပေးခြင်း မရှိပါက ဂျပန်နိုင်ငံသားများကို သတ်ပစ်မည်ဟု ဓားစာခံဖမ်းဆီးထားသူများက ခြိမ်းခြောက်ထားသည်။

လုံခြုံရေးပျက်ပြားနေသော အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်ရေးသမားများက ဓားစာခံ ဖမ်းဆီးမှုဖြစ်ရပ်သည် အမေရိကန် ဦးဆောင်သော တပ်ဖွဲ့နှင့် အီရတ် ခုခံတိုက်ခိုက်ရေးသမားများ အကြား ပဋိပက္ခ ကြီးထွားလာနေပြီး ကျူးကျော် သိမ်းပိုက်မှုကို အီရတ်တို့က ပိုမိုဆန့်ကျင်လာနေပုံကို ထင်ဟပ်လျက်ရှိသည်။

ဓားစာခံအဖြစ် အဖမ်းခံထားရသော တောင်ကိုရီးယား နိုင်ငံသားများနှင့် ပတ်သက်၍မူ တောင်းဆိုချက်များကို ထုတ်ပြန်ခြင်းမရှိပေ။ အဆိုပါ တောင်ကိုရီးယား နိုင်ငံသားများမှာ ခရစ်ယာန်ဘာသာရေးအဖွဲ့အစည်းတစ်ခုမှဖြစ်ကြပြီး ဗြိတိန်နိုင်ငံသားမှာ ကန်ထရိုက်လုပ်ငန်းရှင် တစ်ဦးဖြစ်သည်။ ဂျပန်လူမျိုးသုံးဦးမှာ အမျိုးသမီး ကယ်ဆယ်ရေးအလုပ် သမားတစ်ဦး၊ သုတေသီ တစ်ဦးနှင့် ဓာတ်ပုံသတင်းထောက် တစ်ဦးတို့ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဓားစာခံအဖြစ် အဖမ်းခံထားရသော ဂျပန်နိုင်ငံသား သုံးဦး၏ ရုပ်ပုံများကို အာရပ် ရုပ်မြင်သံကြားဌာနဖြစ်သော အယ်လ်ဂျာဇီရာက ထုတ်လွှင့်ပြသခဲ့သည်။ အဆိုပါ ဂျပန်နိုင်ငံသား သုံးဦးမှာ မျက်လုံးများကို အဖြူရောင် ပိတ်စဖြင့် စည်းနှောင်ခံထားရပြီး ဒူးထောက်ထိုင်ခိုင်းထားပုံကို ထုတ်လွှင့်ပြသခဲ့သည်။ ဓားစာခံများကို ကြိုးဖြင့်တုပ်နှောင်ထားခြင်းမရှိဘဲ ဓားစာခံများနှင့် ၎င်းတို့ကို ဖမ်းဆီးထားသူများ စကားပြောနေပုံကို လည်း ရုပ်မြင်သံကြား၏ ထုတ်လွှင့် မှုတွင် တွေ့ရသည်။

ဂျပန်လူမျိုးဓားစာခံများကို အမြန်ဆုံး ပြန်လည်လွှတ်ပေးရန် တောင်းဆိုထားကြောင်း၊ အီရတ်မှ မိမိတို့တပ်ဖွဲ့ကို ရုပ်သိမ်းမည်မဟုတ်ကြောင်း ဂျပန် အစိုးရပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဧပြီ ၇ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့၏ ဆင်ခြေဖုံးဒေသတွင် စောင့်ကြပ်နေသော အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များကို လက်ရဖမ်းဆီးရမိ ရှီးယိုက်ခေါင်းဆောင်၏ ထိပ်တန်းလက်ထောက်က ပြောဆို

ဘေရွတ် ဧပြီ ၈

အီရတ်နိုင်ငံဒေသများစွာတွင် မကြာမီကဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများအတွင်း မိမိအား ထောက်ခံသူများက အမေရိကန်ဦးဆောင်သောအပေါင်းပါတပ်ဖွဲ့ဝင်အများအပြားကို လက်ရဖမ်းဆီးထားကြောင်းဖြင့် အီရတ်ခုခံတိုက်ခိုက်ရေးအုပ်စုခေါင်းအယ်လ်ဆာဒါး၏ ထိပ်တန်းလက်ထောက်တစ်ဦးဖြစ်သူက ပြောကြားလိုက်သည်။

ထုတ်လွှင့်ပြသ

အီရတ်သိမ်းပိုက်ရေး အမေရိကန်တပ်ဖွဲ့ဝင်အချို့ကို ဖမ်းဆီးထားကြောင်း အယ်လ်ခါဇာလီက နာဂျက်ဖ်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ သို့ရာတွင် ၎င်းက အသေးစိတ် ပြောကြားခြင်းမပြုပေ။ အဆိုပါသတင်းစာရှင်းလင်းပွဲကို ရှီးယိုက်ဟစ္စဘိုလာအုပ်စု၏အာဘော်ဖြစ်သည့် လက်ဘနွန်အခြေစိုက်အယ်လ်မန်နာ ရုပ်မြင်သံကြား သတင်းဌာနက ထုတ်လွှင့်ပြသသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဘဂ္ဂဒက်မြို့ရှိ အမေရိကန်ဦးဆောင်စစ်ဌာနချုပ်က လောလောဆယ် ဝေဖန်ခြင်းမရှိသေးပေ။

ရှုတ်ချ

ခါဇာလီက အယ်လ်ဆာဒါး၏ အရပ်ဘက်ပြည်သူ့စစ်တပ်ဖွဲ့မက်ဒီအား ဖျက်ဆီးပစ်မည်ဟူသော အမေရိကန်စစ်ဘက်၏ သန္နိဋ္ဌာန်ချမှတ်မှုကို ရှုတ်ချပြောကြားလိုက်သည်။

ကျူးလွန်ခြင်းဖြစ်

မက်ဒီအရပ်ဘက်ပြည်သူ့စစ်တပ်ဖွဲ့သည် အီရတ်ပြည်သူပြည်သားများ၏ တပ်ဖွဲ့ဖြစ်ပြီး အီရတ်ပြည်သူပြည်သားများအား ဖျက်ဆီးနှိပ်ကွပ်မှုသည် ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ကြောင်း ခါဇာလီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးသူ ဦးရေ ၆၄၂ဦးရှိပြီ တိုက်ခိုက်မှုများကြောင့် ကန်တပ်ဖွဲ့ဝင် ၄၄၈ဦး သေဆုံး

ဝါရှင်တန် ဧပြီ ၈

အီရတ်နိုင်ငံတွင် စစ်ပွဲစတင်ဖြစ်ပွားခဲ့ချိန်ကတည်းက သေဆုံးသော အမေရိကန် တပ်ဖွဲ့ဝင်များဦးရေသည် ကြာသပတေးနေ့တွင် ၆၄၂ဦးရှိသွားပြီဖြစ်ကြောင်း ကာကွယ်ရေးဌာနက ကြေညာသည်။ ယင်းအနက်မှ တပ်ဖွဲ့ဝင် ၄၄၈ ဦးသည် တိုက်ခိုက်မှုများကြောင့် သေဆုံးခြင်းဖြစ်ပြီး ၁၉၄ ဦးသည် အခြားသော အကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်။

ဗြိတိသျှစစ်ဘက်က တပ်ဖွဲ့ဝင် ၅၈ဦး၊ အီတလီက ၁၇ဦး၊ စပိန်ကရှစ်ဦး၊ ဘူဂေးရီးယားကငါးဦး၊ ယူကရိန်းကလေးဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စတိုးနီးယားနှင့် ပိုလန်နိုင်ငံတို့မှ တစ်ဦးစီ သေဆုံးခဲ့ကြောင်း ဖော်ပြသည်။

အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က အီရတ်နိုင်ငံတွင် အဓိကတိုက်ခိုက်မှုများ အဆုံးသတ်ခဲ့ပြီဖြစ်ကြောင်း မေ ၁ရက်က ကြေညာခဲ့ပြီးသည့်နောက် သေဆုံးခဲ့သည့် အမေရိကန် တပ်ဖွဲ့ဝင်ဦးရေသည် ၅၀၄ဦးရှိပြီး ၃၃၉ဦးတို့သည် တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ပြီး ၁၆၅ ဦးသည် အခြားအကြောင်းများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း စစ်ဘက်ကြေညာချက်အရ သိရှိရသည်။

အင်တာနက်။

ကွတ်မြို့မှ ယူကရိန်းတပ်ဖွဲ့ဝင်များအား အီရတ်ပြောက်ကျားများက မြို့တွင်းမှ တိုက်ထုတ်နိုင်

ကွတ် ဧပြီ ၇

အီရတ်နိုင်ငံ တောင်ပိုင်း ကွတ်မြို့မှ ယူကရိန်းတပ်ဖွဲ့ဝင်များကို ရှီးယိုက် ခုခံတိုက်ခိုက်သူများက တိုက်ထုတ်လိုက်နိုင်သဖြင့် အမေရိကန်နှင့် အပေါင်းပါတပ်များအနေဖြင့် အယ်ဆာဒါးအား ထောက်ခံသူများ၏ ခုခံတိုက်ခိုက်မှုကို ထိန်းချုပ်နိုင်စွမ်းရှိပါမည်လောဟူသော မေးခွန်းများ မေးစရာဖြစ်လာသည်။

ယူကရိန်း တပ်ဖွဲ့ဝင်များ ကွတ်မြို့မှ ဆုတ်ခွာသွားပြီးနောက် အယ်ဆာဒါး၏ နောက်လိုက်များသည် အပေါင်းပါ တပ်ဖွဲ့စခန်းကိုဝင်စီးကာ လက်နက်တိုက်များကို သိမ်းလိုက်ပြီးနောက် အနီးရှိ စပါးကျီ တစ်ခုတွင် ၎င်းတို့၏ အလံကိုလွှင့်ထူလိုက်သည်။

အနက်ရောင်ဝတ်စုံများ ဝတ်ဆင်ထားသော ခုခံတိုက်ခိုက်ရေးသမားများသည် ကူဖာနှင့် ကာဘာလာမြို့တို့ကို ထိန်းချုပ်လိုက်သည်။ ကာဘာလာမြို့မှ ခုခံတွန်းလှန်ရေးအင်အားစုများသည် ပိုလန်ကင်းလှည့်တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲဖြစ်ပွားသေးသည်ဟု သိရသည်။ ***အင်တာနက်။***

ဧပြီ ၇ ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူး၏ နေအိမ်ကို သိမ်းပိုက်ထားသော ခုခံတိုက်ခိုက်ရေး သမားများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရာမာဒီတွင်ကန်မရိန်းတပ်ဖွဲ့ဝင် ၁၂ဦး သေဆုံး ကန်စစ်ဘက်က အတည်ပြုပြောကြား

ဘဂ္ဂဒက် ဧပြီ ၈

အီရတ်နိုင်ငံအနောက်ပိုင်းဒေသ ဆွန်နီအများစု နေထိုင်ရာ ရာမာဒီမြို့တွင် အင်္ဂါနေ့က ခုနစ်နာရီကြာ တိုက်ခိုက်မှုဖြစ်ပွားရာ အမေရိကန် မရိန်းတပ်ဖွဲ့ဝင် ၁၂ ဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်က ဗုဒ္ဓဟူးနေ့တွင် အတည်ပြု ပြောကြားလိုက်သည်။

၄၄၈ ဦးရှိ

အီရတ်နိုင်ငံအား အမေရိကန် ဦးဆောင်၍ ကျူးကျော်တိုက်ခိုက်ခဲ့ချိန်ကတည်းကသေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ ဝင်ဦးရေသည် ၄၄၈ ဦးရှိပြီ ဖြစ်သည်။ အီရတ်နိုင်ငံတွင် တနင်္လာနေ့မှစ၍ တိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၃၈ ဦး သေဆုံးခဲ့သည်။

ဆန့်ကျင်ရေး အုပ်စုများနှင့် ခုနစ်နာရီကျော် တိုက်ခိုက်ခဲ့ရာတွင် မရိန်းတပ်ဖွဲ့ဝင် ၁၁ ဦးသေဆုံးခဲ့ကြောင်း၊ မရိန်းတပ်ဖွဲ့ဝင်တစ်ဦးမှာမူ တိုက်ခိုက်မှုဖြစ်စဉ် ရရှိခဲ့သောဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း စစ်ဘက်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

စတင်ပြုလုပ်

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များသည် ရာမာဒီနှင့် ဖော်လူဂျာမြို့များတွင် ယခု ရက်သတ္တပတ်အတွင်း ပြောက်ကျားနှိမ်နင်းရေး အဓိကစစ်ဆင်ရေးများ စတင်ပြုလုပ်နေပြီဖြစ်သည်။ ရာမာဒီနှင့် ဖော်လူဂျာမြို့များသည် အီရတ်နိုင်ငံ၏ ဆွန်နီ အများစုတို့နေထိုင်ရာ ဒေသဖြစ်ပြီး အီရတ်နိုင်ငံ သိမ်းပိုက်ရေးတပ်ဖွဲ့ဝင်များအား စုစည်းတိုက်ခိုက်ခဲ့ရာ ဒေသဖြစ်သည်။ *အမ်အင်အေ၊ ရိုက်တာ။*

ဖော်လူဂျာမြို့ကို ထိန်းချုပ်ရန် အမေရိကန်တပ်ဖွဲ့က အီရတ်အရပ်သားများရှိနေသည့် အဆောက်အအုံကို ဗုံးကြဲတိုက်ခိုက်

ဖော်လူဂျာ ဧပြီ ၇

ဆွန်နီတို့အခြေစိုက်ရာ ဖော်လူဂျာမြို့ကိုထိန်းချုပ်ရန် အကြီးအကျယ်တိုက်ခိုက်လျက်ရှိသော အမေရိကန်မရိန်းတပ်ဖွဲ့ဝင်သည် ဗုဒ္ဓဟူးနေ့က လူအများအပြားဖြင့် ပြည့်နှက် နေသည့်အဆောက်အအုံတစ်လုံးကို ဗုံးကြဲတိုက်ခိုက်ရာ လူပေါင်း ၄၀အထိသေဆုံးကြောင်း မျက်မြင်တွေ့ရှိသူများက ပြောဆိုသည်။ ထိုအတောအတွင်းရှီးယိုက်ခုခံတွန်းလှန်ရေးသမားများ၏ တွန်းလှန်တိုက်ခိုက်မှုမှာ အီရတ်နိုင်ငံမြို့အားလုံးနီးပါးသို့ ကူးစက်ပျံ့နှံ့လျက်ရှိသည်။ဖော်လူဂျာမြို့နှင့်အနီးအနားရှိ ရာမာဒီမြို့တွင် အင်္ဂါနေ့က တိုက်ပွဲများဖြစ်ပွားခဲ့ရာ အမေရိကန် မရိန်းတပ်ဖွဲ့ဝင် ၁၂ ဦး သေဆုံးရသည်။

ဆွန်နီရော၊ ရှီးယိုက်ပါ ပါဝင်သည့် အရှိန်မြင့်မားသော တွန်းလှန်အုံကြွမှုမှာ အီရတ်မြောက်ပိုင်း ကယ်ကွတ်မှသည် အီရတ်တောင်ပိုင်း ဝေးလံသောဒေသများထိတိုင်အောင် ကျယ်ပြန့်လာသည်။ ခုခံတိုက်ခိုက်ရေးသမားများ ခိုအောင်းနေသည့် အဆောက်အအုံကို အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များက ခြောက်နာရီကြာ တိုက်ခိုက်စဉ် တိုက်ပွဲအတွင်း ကော်ဘရာ ရဟတ်ယာဉ်တစ်စင်းက ဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့သည်။ အက်ဖ်-၁၆ လေယာဉ်က ၂၂၅ ကီလိုလေးပြီး၊ လေဆာရောင်ခြည်သုံးဗုံးတစ်လုံးချလိုက်ကြောင်း မရိန်းတပ်မှ ဒုတိယဗိုလ်မှူးကြီး ဘရင်နန်ဘရိုင်းက ပြောဆိုသည်။ သေဆုံးသူများနှင့် ဒဏ်ရာရသူများကို သယ်ဆောင်သွားသည့် မော်တော်ယာဉ်များကို အေပီသတင်းထောက်တစ်ဦးက မြင်တွေ့လိုက်ရသည်ဆို၏။

အင်တာနက်။

ကန်တပ်ဖွဲ့ဝင်များ ခုခံတိုက်ခိုက်မှုများနှင့် ရင်ဆိုင်ရ

ကယ်ကွတ်(အီရတ်) ဧပြီ ၈

အမေရိကန်ဦးဆောင်သော အီရတ်နိုင်ငံကျူးကျော်သိမ်းပိုက်ရေးတပ်ဖွဲ့ဝင်များအား ဆန့်ကျင်တွန်းလှန်နေသည့်ဆွန်နီတို့ကို ထောက်ခံသောဆန္ဒပြသူများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ အီရတ်နိုင်ငံသား ရှစ်ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကယ်ကွတ်မြို့အနောက်တောင် ကီလိုမီတာ ၅၀ အကွာရှိ ဟော်ဝီဇာမြို့ရှိ ဆန္ဒပြသူများက ဘဂ္ဂဒက်မြို့တော်အနောက်ပိုင်းရှိ အမေရိကန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်နေသည့် ပြောက်ကျားများနှင့် သွေးစည်းကြောင်းပြသလိုက်ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းဖြစ်ရပ်ကြောင့် လူ ၁၀ ဦးခန့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

မော်ဘီချမ်းမြေ့ရိပ်သာတရားပွဲများကျင်းပမည်

ရန်ကုန်   ဧပြီ   ၉

မော်ဘီချမ်းမြေ့ဓမ္မဗိမာန်တော်ကြီး ရေစက်ချအလှူတော်မင်္ဂလာကို ဧပြီ ၁၁ရက်နံနက် ၈နာရီတွင် မော်ဘီမြို့ ချမ်းမြေ့ရိပ်သာကျောင်း၌ကျင်းပမည်ဖြစ်သည်။ အဆိုပါဓမ္မဗိမာန်တော်ရေစက်ချမင်္ဂလာပွဲတွင် ဧပြီ ၈ရက်၌ ချမ်းမြေ့ဆရာတော်နှင့် ဧပြီ ၉ရက်၌ ဆရာတော် ဦးဣန္ဒကတို့က ဟောကြားတော်မူခဲ့ပြီး ဧပြီ ၁၀ရက်၌ ဆရာတော် ဦးသောဘိတနှင့် ဧပြီ ၁၁ရက်၌ ဆရာတော်ဦးဝါသဝတို့က ညစဉ် ၇နာရီမှစ၍ တရားတော်များဟောကြားမည်ဖြစ်သည်။ (က–ပ)

ဖြိုးခြင်းရွှေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

သင်္ကြန်ရက်ရှည် ပျော်ကြစေဖို့

ယုဝတီခင်စိန်လှိုင်

တန်ခူးနှင့် တာကူးတို့သည် မည်သို့မျှဆက်သွယ်စပ်ဆိုင်ခြင်း မရှိသော်လည်း တန်ခူးလကို တာကူးလဟူ၍လည်း ခေါ်စမှတ်ပြုလေ့ရှိကြပါသည်။ တန်ခူးသည် မြန်မာ့ ၁၂ လ၏ ထိပ်ဆုံး စခြင်းကြောင့်လည်း ဖြစ်ဟန်တူသည်။ ပြီးတော့ တစ်နှစ်အတွင်း တစ်ရက်တည်း ပွင့်တတ်သော ပိတောက်ပန်းကိုလည်း လူတိုင်းချစ်မြတ်နိုးကြသည်။

စာဆိုတော်ဦးဖုန်းရေးသားသည့် မယ်ဘွဲ့ လေးချိုးကြီးတွင်–

မြိုင်တစ်ခိုဝယ်
လေချိုညင်းကြည်
ပျံ့သင်းဝဲလည်တော့တယ်––
နွေသည်လခိုက်တာလို
သက်မဟာလှုံခိုကြွေးတယ်နှင့်
ငှက်ကျေးသဘင်ပွဲမှာ
ကျူးနှဲ့ချိုသာ။

ဟူ၍စပ်ဆိုခဲ့ပါသည်။

ဤလေးချိုးကြီး၌ ပါဝင်သကဲ့သို့ အတာကူးသည့် တန်ခူးလတွင် မြန်မာတို့၏ စိတ်ဓာတ်လည်း နူးညံ့နေကြသည်။ ငှက်ကလေးတွေ အော်တာကအစ ပျော်စရာ၊ ကြည်နူးစရာလေး မြင်နေရပါသည်။ စိတ်သဘောထားလည်း သိမ်မွေ့နေကြသည်။ လှူချင်တန်းချင်နေသည်။ နှစ်ဦးတွင် ရှိစုမဲ့စုလေးနှင့် အလှူအတန်းလုပ်ချင်ကြသည်။ နှစ်ဦးနှစ်ကူးပေကိုး။

လူကြီးမိဘများကို ခေါင်းလျှော်ပေးကြ၊ လက်သည်း၊ ခြေသည်း ညှပ်ပေးကြ၊ ရေချိုးသန့်စင်ပေးကြပြီးလျှင် ရေမြှုတာတစ်အိုး၊ ဖယောင်းတိုင်ထုပ်နှင့် အဝတ်ပုဆိုး၊ မုန့်ထုပ်၊ ငွေစကလေးနှင့် ထိုင်ကန်တော့ကြသည်။ နံနက် ၉နာရီ ထိုးသည်နှင့် ဘုန်းကြီးကျောင်းသို့ သီလယူရန်

အိမ်ရှိ မိန်းမပျို လေးငါးယောက်က တန်းစီပြီး ဘေးတိုက် ယို့ယို့ကလေးတွေ ရပ်ပေးနေရသည်။

ကာလသား လေးငါးဦးက ငွေဖလားထဲမှ နံ့သာဖြူရနံ့သင်းသော ရေအေးအေးကလေးကို သပြေခက်နှင့်တို့၍ မိန်းကလေးတို့၏ ကျောကုန်းကို သပြေရွက်ကလေးများဖြင့် သုံးလေးချက်ပုတ်၍ ရေပက်ဖျန်းကြသည်။ သို့တိုင် လက်ကလေးက မရဲတရဲပါ။ ကလေးမလေးများကလည်း ရှက်ပြုံးလေးတပြုံးပြုံး၊ လူကြီးများက ကျေနပ်ပြုံးလေးတပြုံးပြုံးနှင့်

အမီသွားကြသည်။ ဘုန်းကြီးတရားဟောပုံကလည်း ကောင်းလွန်းလှပါသည်။ တရားနာရန်ပြင်ဆင်နေဆဲမှာပင် မနက်ဖြန် မုန့်လုံးရေပေါ်လုပ်မည်။ နှစ်ဆန်းတစ်ရက်နေ့တွင် ဘုန်းကြီးငါးပါးဆွမ်းကပ်မည် စသည်ဖြင့် အလှူတွေကို စိတ်ကူးနှင့် တန်းစီထားလိုက်သည်။

သီလယူကြသည့်အထဲတွင် သားပျို၊ သမီးပျိုများ ပါလာကြသည့် မိဘများက မျက်လုံးကြီးများနှင့် လှမ်းလှမ်းကြည့်ကြသည်။ ခင်ချောတို့၊ လှမေတို့ကို ရေလောင်းမယ်ဆို၊ လူကြီးမိဘတွေကို အရင်ခွင့်တောင်းကြနော်၊ ငွေဖလားနဲ့ သပြေခက်ယူသွားကြဟု သားလူပျိုတွေ၊ တူတွေကို လှမ်းသတိပေးသည်။ သားနှင့် တူများကလည်း မိဘများ မှာကြားသည့်အတိုင်း အိမ်ပြန်၍ ဝတ်ကောင်းစားလှများကို လဲလိုက်ကြသေးသည်။ ပြီးလျှင် ရေဖလားထဲသို့ နံ့သာဖြူသွေး၍ ထည့်ကြသည်။ အပျိုတွေရှိသော ခင်ချောတို့အိမ်သို့ ယဉ်ယဉ်ကျေးကျေး တက်သွားကြသည်။ လူကြီးများထံ ခင်ချောတို့ ညီအစ်မအားရေပက်ပါရစေဟု ခွင့်တောင်းကြသည်။

လူကြီးမိဘတွေကလည်း ယဉ်ကျေးလှသော လူငယ်ကလေးများကို ခေါင်းတညိတ်ညိတ်နှင့် ခွင့်ပြုကြသည်။

အပြန်တွင် သကြားမုန့်ဖက်ထုပ်ကြီးတွေ နှစ်ထုပ်စီပေးလိုက်သေးသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျာဟု ယောကျ်ားလေးများ ခါးလေးယို့ပြီး ပြောသွားကြသေးသည်။ ထိုချစ်စရာယဉ်ကျေးလှပသော လေ့သည် ရတနာပုံ ခေတ်နှောင်းပိုင်းလောက်အထိ တည်ရှိနေခဲ့သည်။ အလွန်ချစ်စရာကောင်းသော မြန်မာ့ယဉ်ကျေးမှုကလေးပါပင်။

သည်မြင်ကွင်းမျိုးကို အရသာခံပြီး ကြည့်ရှုစရာရှိပါသည်။ နိုင်ငံအကြီးအကဲများက မဏ္ဍပ်တကာ လှည့်လည်အားပေးစဉ် ကြီးစဉ်ငယ်လိုက် ရေသွန်းပက်ဖျန်းကြပုံ၊ နိုင်ငံတကာမှ သံကြီးတမန်ကြီးများနှင့် တွေ့ဆုံကြစဉ်၌လည်း ရှေးခေတ်က မြင်ခဲ့ကြရသည့် ငွေဖလားနှင့်သပြေခက်၊ ရေမွှေးစက်ကလေးတွေထည့်၍ ရေကစားကြပုံလေးများ ဟာဖြင့် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းကြပ်မတ် ပြသနေသကဲ့သို့ မြင်ရပုံဖြစ်၍ ကြည်နူး၍ မဆုံးရပါဘူးရှင်။ အရှေ့တောင်အာရှ နိုင်ငံအချို့တွင်လည်း မြန်မာများကဲ့သို့ပင်

သင်္ကြန်ရာသီနဲ့ ပျော်ကြသည်။ ကျွန်မတို့ တရုတ်ပြည်သွားစဉ်က ဇူလိုင်လကြီးပါ။ သူတို့သင်္ကြန်ကျနေကြသည်။ ပလတ်စတစ် ပုံးကလေးတွေနှင့် လိုက်ပက်ကြသည်။

အိန္ဒိယပြည်ကတော့ ဆေးရောင်စုံမှုန့်တွေ ပက်ဖျန်းပြီးမှ ရေလောင်းကြသည်။ လူတွေအားလုံး (တက်ကနီကာလာ) ရောင်စုံဖြစ်ကုန်ကြသည်။ ထိုင်းနိုင်ငံမှာလည်း ရေပက်ကြပါသည်။ မြန်မာတွေကတော့ ရေပက်ခြင်းကို သုံးရက်၊ လေးရက်။ မဏ္ဍပ်ကိုယ်စီနှင့် တကယ်သားသားနားနား ရေကစားကြသည်။ ငွေကုန်ကြေးကျလည်း ခံကြသည်။ သင်္ကြန်သီချင်းခွေများကလည်း သုံးလေးလကကြိုထွက်နေကြသည်။ ဒါကလည်း သင်္ကြန်အခါတော်ကို အနုပညာသည်ကလေးများက ဦးညွှတ်သည့်သဘောပါ။

ကွန်ပျူတာခေတ်၊ အီးမေးလ်ခေတ်တွင် တီထွင်ဆန်းသစ်လာကြခြင်းကို လက်ခံသင့်သလောက် လက်ခံအားပေးကြပါသည်။ သို့သော် မြန်မာပြည်၏ ရက်ရှည်သင်္ကြန်ကြီးတွင် စည်းကမ်း၊ဘောင်၊ ဥပဒေဆိုသည်မျိုးတော့ ထားသင့်ပါသည်။

ထို့အတွက် ခေတ်ပညာတတ် လူငယ်ကလေးများ ဦးဆောင်၍ အောက်ပါစနစ်ဇယားလေးတော့ ထားရှိပေးကြပါဟု မေတ္တာရပ်ချင်ပါသည်–

(၁) မဟာသင်္ကြန်တွင် ဂက်စ်ဘူးများ၊ ရေပူဖောင်းများ၊ ဆပ်ပြာမှုန့်များ၊ ရေခဲထုပ်များ မပစ်ရ။
(၂) မူးလျှင်မမောင်းရ၊ မောင်းလျှင်မမူးရ။
(၃) မူးယစ်သောက်စား မရမ်းကားရ။
(၄) မိန်းကလေးများ ချက်(ဖော်) မဝတ်ရ။ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
(၅) မဏ္ဍပ်ပေါ်မှာ သရုပ်ပျက် မကရ။
(၆) ကားပေါ်တွင်လည်း နှစ်ကိုယ်ယှဉ်တွဲ လူမမြင်ရဲအောင် မနေထိုင်ရ။
(၇) အခြားနိုင်ငံမှ အလံများ မော်တော်ယာဉ်တွင် မတပ်ဆင်ရ။
(၈) မော်တော်ယာဉ်တံခါးများ မဖွင့်တ်ရ။

ရန်ဖြစ်ခြင်းလည်းမရှိ။ အထက်ပါအချက်အလက်များနှင့် ပြည့်စုံကြရင်တော့ တကယ်ပျော်စရာ သင်္ကြန်ရက်ရှည်ကြီးကို နွှဲပျော်ကြရမှာပါ။ ကိုဇော်ဝမ်းရဲ့ တူးပို့တူးပို့ သီချင်း ကလေးကတော့ ယခုဘက်ပိုင်း နားထဲစွဲနေဆဲပါပဲ။ ဘာပဲဖြစ်ဖြစ် အားလုံးပျော်၍ အေးချမ်းစွာဖြင့် သင်္ကြန်ပြီးစီးသွားတဲ့ ဧပြီလ ၁၆ရက်ညနေမှာ တစ်ပြည်လုံးရှိ မဏ္ဍပ်များနှင့် ရန်ကုန်မြို့တော် စည်ပင် မဏ္ဍပ်ကြီးရှေ့၌ အလှအပ အနုအရွလေးတွေ၊ ဆင်တူ အတွဲလိုက်ကလေးတွေ တညီတညာတည်းရပ်၍မြနန္ဒာသီချင်းဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ပျော်ပျော်ရွှင်ရွှင် သီဆိုကပြကြပြီး သင်္ကြန်ပွဲတော် သိမ်းလိုက်ပုံများကိုကြိုတင်မြင်ယောင်လျက် ရှိပါကြောင်း ခံစားတင်ပြလိုက်ရပါသည်။ ။

၁၃၆၅ခုနှစ် မဟာသင်္ကြန်ပွဲတော်ကြီးတွင် ပါဝင်ဆင်နွှဲမည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ "အပျိုစင်မျက်ဝန်းလဲ့" ၁၂ဦး ယိမ်းအဖွဲ့ကို မြူးမြူးကြွကြွ လှလှပပ ကကြိုးကကွက်များဖြင့် သွက်လက်စွာတွေ့ရစဉ်။
ဓာတ်ပုံ–သန်းဆွေ(ပန်းဘဲတန်း)

၁၃၆၅ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ဆုပေးမဏ္ဍပ်တွင် ပါဝင်ယှဉ်ပြိုင်မည့် စေတနာမူလတန်းကြိုကျောင်း ဝင်္ကပါ၏ ၁၂ဦး ယိမ်းအဖွဲ့အား အင်အားအပြည့်တွေ့ရစဉ်။ ဓာတ်ပုံ–သန်းဆွေ(ပန်းဘဲတန်း)

မေသင်္ကြန်အဖွဲ့

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှလှပျိုဖြူလေးများ၏ "မေသင်္ကြန်" ၁၂ဦး ယိမ်းအဖွဲ့ကလည်း ၁၃၆၅ ခုနှစ်မဟာသင်္ကြန်ပွဲတော်မှာဤကဲ့သို့ လှပသွက်လက်စွာဖျော်ဖြေမည်။
ဓာတ်ပုံ–သန်းဆွေ(ပန်းဘဲတန်း)

ပသုံးလုံး ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဧပြီ ၉

အာဒိကမ္မိကဆရာကြီး ဦးပဂျီဝို၏ ပသုံးလုံးဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဇောတိက (မဟာကမ္မဋ္ဌာနာစရိယ)သည် ခုနစ်ရက်သင်္ကြန်တရားစခန်းကို ဧပြီ ၁၀ ရက်မှ ဧပြီ ၁၇ ရက်ထိ ရွှေတိဂုံအရှေ့စောင်းတန်းဦး ကြားတောရလမ်း၊ ဗဟန်းမြို့နယ်တွင် ကျင်းပမည်ဖြစ်သည်။

(က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

အတာနှစ်ကူး တန်ခူးသင်္ကြန်

သတင်းဆောင်းပါး-ကြည်ဝင်းညွန့်

ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ရန်ကုန် ဧပြီ ၉

တန်ခူးနေသည် ကြည်လင်တောက်ပသည်နှင့်အမျှ အပူရှိန်လွန်ကဲလှသည်။ နွေလွင်ပြင်ကိုဖြတ်၍ တိုက်ခတ်လာသော တန်ခူးလေသည်ပင်လျှင် ပူနွေးနေသည်။ သို့သော် ပတ်ဝန်းကျင်ရှိ သစ်ပင်ပန်းပင်တို့၏ အရိပ်အာဝါသ၊ မြင်ကွင်း ပသာဒတို့ကြောင့် အပူဒဏ်မှ သက်သာရာရလျက်ရှိသည်။ လမ်းမကြီး၏ တစ်ဖက်တစ်ချက်ရှိ ပင်အို၊ ပင်ပျိုတို့ထက်တွင် ရွက်နုရွက်သစ်တို့ ဝေနေပြီ။ ကံ့ကော်ပန်းများ ဖူးပွင့်သင်းထုံလျက်ရှိသည်။ ပင်လုံးညွတ်မျှသော ပိတောက်ဖူးများက ပွင့်လန်းကြရန် သင်္ကြန်မိုးကို စောင့်ကြိုင့်လင့်လျက်ရှိသည်။

ဟိုအနား၊ သည်အနားဖြတ်သွားလျှင်ပင် သင်္ကြန်တေးသီချင်းသံများကို ကြားနေရပြီ။ မကြာမီ မြန်မာတို့၏ ပျော်ရွှင်စရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်သို့ ရောက်ရှိလာတော့မည်။ မြန်မာတို့၏ နှစ်သစ်ကူးပွဲတော်ကိုမဟာသင်္ကြန်ပွဲတော်ဟု ခေါ်ဆိုကြသည်။ သင်္ကြန်သည် သက္ကတဘာသာ သင်္ကန္တမှဖြစ်ပေါ်လာသည်။ ကူးပြောင်းသည်ဟု အဓိပ္ပာယ်ရသည်။ မြန်မာအဘိဓာန်တွင် သင်္ကြန်ကို နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့်ကာလ၊ ရေပက်ဖျန်းသည့် နှစ်သစ်ကူးပွဲတော်ဟုအဓိပ္ပာယ် ဖွင့်ဆိုထားသည်။

မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု ပွဲတော်ဖြစ်သည့် မြန်မာ့နှစ်ကူးသင်္ကြန်ပွဲတော်ကို တန်ခူးလတွင် ကျင်းပသည်။ မြန်မာနိုင်ငံတွင် တစ်ဆယ့်နှစ်လရာသီပွဲတော်များ ရှိသည့်အနက် တန်ခူးလတွင် ကျင်းပသည့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲမှာ အထူးခြားဆုံး၊ ပျော်ရွှင်ကြည်နူးဖွယ်ရာ အကောင်းဆုံးဖြစ်သည်။ ပူအိုက်သော နွေကာလတွင် ရေဖျန်းပက် ကစားကြရသော ရာသီပွဲဖြစ်၍ လူကြီး၊လူငယ် အရွယ်မရွေး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

သင်္ကြန်ပွဲတော်တွင် ရေဖြင့်ပက်ဖျန်းကစားကြခြင်းသည် အပူရှိန်မှ သက်သာစေသည်သာမက အဓိပ္ပာယ်လေးနက်သော အကြောင်းများလည်း ပါဝင်သည်။ ရေသည် အေးမြကြည်လင်သကဲ့သို့ ရေဖြင့်ပက်ဖျန်း ကစားကြသူတို့သည်လည်း အေးမြကြည်လင်ကြပါစေ၊ ပျော်ရွှင်ဝမ်းမြောက်ကြပါစေဟူသော ဆန္ဒပြု ရည်ရွယ်သော အကြောင်းတရားများလည်း ပါရှိနေပေသည်။

ရေသည် အညစ်အကြေးများကို သန့်ရှင်းစင်ကြယ်စေသကဲ့သို့ ရေဖြင့်ပက်ဖျန်းသူများသည်လည်း နှစ်ဟောင်းမှ ဘေးဥပဒ်အန္တရာယ်များ၊ စိတ်ဆိုးစိတ်ညစ်များ ကင်းစင်လွင့်ပျောက် သန့်ရှင်းစင်ကြယ်သွားစေမည်ဖြစ်သည်။

ထို့အပြင် ရေသည် ခွဲခြား၍မရ၊ တစ်သားတည်း၊ တစ်ပြင်တည်းတည်ရှိနေသကဲ့သို့ အတာရေပျက်ဖျန်း ကစားကြသူအပေါင်းတို့သည်လည်း တစ်ဦးနှင့်တစ်ဦး ကွဲပြားခြင်းမရှိ၊ ခြားနားခြင်းမရှိ၊ ရင်းနှီးချစ်ကြည်မှုရှိကြမည်ဖြစ်သည်။ သွေးရင်းသားချင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတွင် ပါဝင်ဆင်နွှဲကြရင်း တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုမောင်နှမများပမာ စည်းလုံးညီညွတ်ခြင်း၊ အေးမြသောမေတ္တာရေနှင့်အတူ ကြည်နူးချမ်းမြေ့ခြင်းဟူသော အနှစ်သာရများဖြင့် လွှမ်းခြုံလျက် ရှိကြမည်ဖြစ်သည်။

မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတွင် ပျော်ရွှင်စွာ ဆင်နွှဲနေကြစဉ်။

မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲဆင်နွှဲရာတွင် တစ်ဦးနှင့်တစ်ဦး မေတ္တာရှေ့ထား၍ အေးမြစေကြောင်း၊ သန့်စင်ကြည်လင် စေကြောင်း စိတ်ကောင်းစေတနာဖြင့် ယဉ်ကျေးစွာ ရေပက်ကစားသင့်ကြသည်။ သို့မှသာ သင်္ကြန်၏ပျော်ရွှင်ကြည်နူးဖွယ်ရာများကို အပြည့်အဝ ရရှိခံစားနိုင်ကြပေမည်။

မြန်မာ့ရိုးရာအတာသင်္ကြန်တွင် သင်္ကြန်အကြိုနေ့မှသည် သင်္ကြန်အတက်နေ့အထိ ကာလကို မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ရက်များအဖြစ် သတ်မှတ်၍ ပျော်ရွှင်စွာ ရေဖျန်းပက်ကစားကြသည်။ ယခု ၁၃၆၅ ခုနှစ်တွင် သင်္ကြန်အကြတ်နေ့ နှစ်ရက်ပါဝင်သဖြင့် ပျော်ရွှင်စွာ ရေကစားရက် ငါးရက်ရှိသည်။ တစ်နှစ်တွင်တစ်ကြိမ်သာ ကြုံကြိုက်ရသည့် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကြီးတွင် လူငယ်လူရွယ်များ ပျော်ပျော်ရွှင်ရွှင် ရေကစားကြမည်ဖြစ်သည်။

ဤနေရာတွင် အလျဉ်းသင့်၍ တင်ပြလိုသည်မှာ လူငယ်လူရွယ်များ ပျော်ရွှင်စွာရေကစားကြရာ၌ သင်္ကြန်ပွဲတော်၏ အဓိပ္ပာယ်နှင့် အနှစ်သာရများကို သတိရဆင်ခြင်ပြီး အသိတရားဖြင့် ပါဝင်ဆင်နွှဲကြရန်ဖြစ်သည်။

ရှေးကာလက အတာသင်္ကြန်ပွဲတော်တွင် ရေကစားကြရာ၌ ငွေဖလားအတွင်း စန္ဒကူးနံ့သာ အမွှေးရည်များထည့်၍ မွှေးပျံ့သောရေစင်များဖြင့် ယဉ်ကျေးသိမ်မွေ့စွာ သွန်းလောင်းကြသည်။ သပြေခက်ဖြင့် တစ်ဦးကိုတစ်ဦး ဖျန်းပက်၍ ရေကစားကြသည်။ ယင်းသို့ တစ်ဦးနှင့်တစ်ဦး ရင်းနှီးခင်မင်စွာ အေးမြသောရေ၊ မွှေးပျံ့သောရေတို့ဖြင့် သွန်းလောင်းဖျန်းပက်ကစားကြသဖြင့် ရေပက်သူရော၊ ရေပက်ခံရသူတို့ပါ ပျော်ရွှင် ချမ်းမြေ့ကြရသည်။ ကြည်နူးပီတိဖြစ်ကြရသည်။ ယခုခေတ် ရေကစားကြသူများအနေဖြင့် ယဉ်ကျေးသိမ်မွေ့သော မြန်မာ့ရိုးရာသင်္ကြန်ပွဲ၏ ထုံးတမ်းအစဉ်အလာများကို ဆက်လက် ထိန်းသိမ်းသင့်ပေသည်။

မြန်မာ့ရိုးရာ သင်္ကြန်ရက်များအတွင်း ရေသဘင်ပွဲဆင်နွှဲသူများသည် မူးယစ်သောက်စား ရမ်းကားခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ မြန်မာ့ယဉ်ကျေးမှုကို ဖီလာဆန့်ကျင်သည့် သရုပ်ပျက် ပြုမူပြောဆိုခြင်းများ မပြုလုပ်မိစေရန် သတိပြု ထိန်းသိမ်းဆင်ခြင်ကြရမည်ဖြစ်သည်။

အထူးသဖြင့် အချို့သော လူငယ်လူရွယ်များအကြား ပြည်ပက ဝင်ရောက်ကူးစက်လာသည့် တိုင်းတစ်ပါး အမူအကျင့်၊ ခေတ်စရိုက် ဝတ်စားဆင်ယင်မှုများ သင်္ကြန်ပွဲတော်အတွင်း ကူးဝင်မလာစေရေးအတွက် တစ်ဦးချင်း၊တစ်ယောက်ချင်း အသိတရားရှိရှိဖြင့် ထိန်းသိမ်းရန်လိုအပ်သကဲ့သို့ မိဘ၊ အုပ်ထိန်းသူများအပါအဝင် တာဝန်ရှိသူတို့က ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် တင်ပြလိုပါသည်။

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယခုနှစ်သင်္ကြန်ပွဲတော်တွင်လည်း လူငယ်လူရွယ်များအပါအဝင် ပြည်သူများအားလုံး ပျော်ရွှင်ချမ်းမြေ့စွာ အေးအေးချမ်းချမ်း ပါဝင်ဆင်နွှဲနိုင်စေရေး ဝိုင်းဝန်းထိန်းသိမ်း ဖေးမစောင့်ရှောက် သွားကြရမည်ဖြစ်ပါသည်။

မြန်မာတို့၏ တစ်ဆယ့်နှစ်လရာသီပွဲတော်များအနက် မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်ပွဲတော်သည် ပျော်ရွှင်ကြည်နူးဖွယ်ရာများဖြင့် ပြည့်စုံသည်သာမက မြတ်နိုးဖွယ်ရာ မြန်မာ့ဓလေ့ထုံးတမ်းများနှင့်အညီ မွန်မြတ်သောကောင်းမှုကုသိုလ်တရားပွားများကြသော ပွဲတော်လည်းဖြစ်သည်။

မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်တွင် ပျော်ပျော်ပါးပါး ရေပက်ကစားနေကြစဉ်။

သင်္ကြန်ပွဲတော်တွင် သက်ကြီးရွယ်အိုများအား ရေချိုးသန့်စင်ပူဇော်ကန်တော့ခြင်းသည် မြန်မာတို့၏ အစဉ်ထိန်းသိမ်းခဲ့သည့် ကောင်းမြတ်သည့်ဓလေ့ ဖြစ်သည်။

သင်္ကြန်ပွဲတော်တွင် အမျိုးသား၊ အမျိုးသမီးမရွေး လူကြီး၊လူငယ်အားလုံး စုပေါင်းကာ စေတီပုထိုးနှင့် ဗုဒ္ဓရုပ်ပွားတော်များကို ရေသပ္ပာယ်ကြသည်။ အချို့က စေတီတော်များကို ထုံးဖြူသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။ ဘုရား၊ ကျောင်းကန်၊ ဇရပ်များကို သန့်ရှင်းရေးလုပ်ပေးကြသည်။ ရပ်ထဲရွာထဲတွင် အမှိုက်များရှင်းလင်းခြင်း၊ ရေတွင်း၊ ရေကန်များ တူးဖော်ဆယ်ဖို့ပေးမှုများ ပြုလုပ်ကြသည်။

ထို့အပြင် မြို့ရွာ၊ ရပ်ကွက်များအတွင်း ရေချိုးခန်းများ ပြုလုပ်၍ သက်ကြီးရွယ်အိုများအား ရေချိုးသန့်စင်ပေးခြင်း၊ တရော်ကင်ပွန်းတို့ဖြင့် ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း လက်သည်းများညှပ်၍ သန့်စင်ပေးခြင်း၊ မိဘ၊ ဆရာသမားတို့အား ပူဇော်ကန်တော့ခြင်းများ ပြုလုပ်ကြမြဲဖြစ်သည်။ သင်္ကြန်ရက်များအတွင်း မုန့်ဖက်ထုပ်၊ မုန့်လက်ဆောင်း၊ မုန့်လုံးရေပေါ်၊ သာကူ၊ ရွှေရင်အေးစသည့် မြန်မာ့ရိုးရာမုန့်များပြုလုပ်၍ တစ်အိမ်နှင့်တစ်အိမ်ပေးကာ တစ်ဦးကိုတစ်ဦး ကျွေးမွေးကြသည်မှာလည်း မြတ်နိုးဖွယ်ရာ ဓလေ့တစ်ခုဖြစ်သည်။

မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကြီးကို ပျော်ရွှင်စွာဆင်နွှဲကြပြီးလျှင် နှစ်ဟောင်းလွန်မြောက်၍ နှစ်သစ်သို့ကူးပြောင်းရောက်ရှိတော့မည်ဖြစ်သည်။ နှစ်သစ်ကို ကောင်းမြတ်သော ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးတို့ဖြင့် ကုသိုလ်ကောင်းမှုပြု၍ ကြိုဆိုကြရပါဦးမည်။

မြန်မာ့နှစ်သစ်၊ နှစ်ဦး နှစ်ဆန်းတစ်ရက်နေ့တွင် ပြည်သူများ၏ ကိုယ်စိတ်နှစ်ပါးစလုံးတွင် ငြိမ်းချမ်းခြင်း၊ သာယာချမ်းမြေ့ခြင်း၊ ကြည်နူးခြင်းများ လွှမ်းခြုံလျက်အလှူရေစက်လက်နှင့်မကွာ လှူဒါန်းကြပါသည်။

သင်္ကြန်ရက်များအတွင်းကောင်းမှုကုသိုလ်အဖြာဖြာကို ပြုလုပ်ခဲ့ကြရုံမျှမက နှစ်ဆန်းတစ်ရက်နေ့ အခါသမယတွင်လည်း စေတီပုထိုး၊ ဘုရားကျောင်းကန်များသို့သွားရောက်၍ ဥပုသ်သီတင်းသီလ ဆောက်တည်ခြင်း၊ တရားဘာဝနာပွားများအားထုတ်ခြင်း၊ အလှူဒါနပြုခြင်း၊ ဘုရားရုပ်ပွားတော်များအား အမွှေးနံ့သာရည်များဖြင့် သပ္ပာယ်ပူဇော်ခြင်းစသည့် အလှူဒါနကောင်းမှုတို့ကို ပြုကြမြဲဖြစ်သည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် သံဃာတော်အရှင်သူမြတ်များက မြန်မာပြည်သူအားလုံး ဘေးအန္တရာယ်အပေါင်းမှ ကင်းရှင်းစေကြောင်း မေတ္တာ၊ ကရုဏာစိတ်ထားဖြင့် ပရိတ်တရားတော်များ ရွတ်ဖတ် ချီးမြှင့်ကြသည်။ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် လမ်းများတွင် အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။

ယင်းသို့ဖြင့် မြန်မာပြည်သူတစ်ရပ်လုံးတို့သည် မကြာမီရက်ပိုင်းအတွင်းတွင် နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းသည့် နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်တွင် ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။ အတာသင်္ကြန်ပွဲတော်တွင် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ တစ်ဦးနှင့်တစ်ဦး မေတ္တာရှေ့ထားပြီး အေးမြသောရေ၊ မွှေးပျံ့သောရေတို့ဖြင့် သွန်းလောင်းဖျန်းပက်၍ ယဉ်ကျေးသိမ်မွေ့စွာ ရေကစားနိုင်ကြပါစေ၊ မြန်မာတို့၏ နှစ်သစ်ကာလ အခါသမယကို အတာနှစ်ကူး တန်ခူးသင်္ကြန်ပွဲတော်တွင် ပျော်ရွှင်စွာဆင်နွှဲရင်း ကြိုဆိုနိုင်ကြပါစေဟူ၍ ဆန္ဒပြုလိုက်ရပါကြောင်း။ ။ (ကြေးမုံ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ကာကွယ်ရေးတာဝန်အတွက် အတတ်ပညာရှင် သားကောင်း
တပ်မတော်ရဲ့ သိပ္ပံနဲ့နည်းပညာတိုးတက်စေရန်နဲ့ ခေတ်မီတပ်မတော်တည်

ပြည့်စုံရမှာဖြစ်တယ်၊ ဒီအချက်တွေဟာ ခေါင်းဆောင်တစ်ဦးရဲ့ စိတ်ပိုင်းဆိုင်ရာ လက္ခဏာတွေဖြစ်တယ်။

ဒါကြောင့် စိတ်ဓာတ်ကောင်းတဲ့ တပ်မတော်သား တစ်ယောက်ဟာ စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံပြီး ကွပ်ကဲမှုနဲ့ ကြီးကြပ်မှု ကောင်းအောင်ကြိုးစားအားထုတ်ရင် ခေါင်းဆောင်ကောင်းတစ်ယောက် အဖြစ်ကို ရရှိမှာဖြစ်တယ်။

ရဲဘော်တို့ဟာ တပ်မတော်ရဲ့ အစဉ်အလာတွေကို သယ်ပိုးနိုင်တဲ့ ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့–

ရဲဘော်တို့ဟာ ခေတ်မီတပ်မတော်တည်ဆောက်ဖို့ တာဝန်ရှိတဲ့အပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်ရာမှာလည်း ရှိပြီးသား နည်းပညာတွေကို သင်အံကျက်မှတ်ရုံနဲ့ တင်းတိမ်နေခြင်းမရှိဘဲ မသိသေးတဲ့ နည်းပညာတွေ ရရှိလာသည်အထိ ကြိုးပမ်းဖော်ထုတ်နိုင်ဖို့ လိုအပ်တယ်။

ချီးမြှင့်အပ်နှင်း

တို့နိုင်ငံဟာ သိပ္ပံနဲ့နည်းပညာပိုင်းဆိုင်ရာမှာ နောက်ကျခဲ့တယ်၊ ဒါကြောင့် နိုင်ငံတစ်ဝန်းလုံးမှာ အရည်အချင်းမြင့်မားတဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ဖြန့်ကြက်ဆောင်ရွက်လျက်ရှိတယ်၊ ဒါ့အပြင် သိပ္ပံပညာထူးချွန်တံဆိပ်၊ နည်းပညာထူးချွန်တံဆိပ်တွေ ချီးမြှင့်နိုင်ဖို့လည်း ပြဋ္ဌာန်းထားပြီးဖြစ်တယ်၊ သက်ဆိုင်ရာပညာရပ်များနဲ့ ရှေ့ဆောင်ရှေ့ရွက်ပြုပြီး အများအကျိုးကို ထူးချွန်စွာဆောင်ရွက်ကြ

ရေးအတွက် အကျိုးပြုကြသ
ရဲဘော်တို့ဟာ တပ်မတော်
တွေဖြစ်အောင် ကြိုးပမ်းကြ

ရဲဘော်တို့–

ယနေ့တပ်မတော်နဲ့ပြ
တစ်ချိန်တည်း၊ တစ်ပြိုင်တ
ရင်းသားလူမျိုးများ ဖွံ့ဖြိုး
ရေးစီမံကိန်းနဲ့ ကျေးလက်
ဆောင်ရွက်လျက်ရှိတယ်၊ ရဲ
ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်
လိုက်ပါတယ်။

☆ **ရှေ့ဖုံးမှ**

အစဉ်ကြိုးပမ်းဆောင်ရွက်လိုစိတ်ရှိခြင်း၊ ဇွဲလုံ့လဝီရိယနှင့် ကြိုးစားမှုရှိခြင်း၊ စိတ်ရင်းစေတနာကောင်းရှိခြင်း၊ တညီတညွတ်တည်းစုပေါင်းဆောင်ရွက်လိုသည့် အဖွဲ့အစည်း စိတ်ဓာတ်ရှိခြင်း၊ သတ္တိ ဗျတ္တိရှိခြင်း၊ အခွင့်အရေးနဲ့ ယှဉ်လာရင် မိမိက အမြဲအနစ်နာခံလိုစိတ်ရှိခြင်းတို့နဲ့

တက်ရောက်သူများ

တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်း ဂုဏ်ပြု စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

အထောက်အကူပြုနိုင်ကြရမယ်၊ ဒါကြောင့် ထိုးထွင်း၊ ကြံဆလုပ်ဆောင်တတ်ဖို့နဲ့ တီထွင်လုပ်ကိုင် ဆောင်ရွက်တတ်ဖို့ လိုအပ်ကြောင်း ပြောကြားလိုတယ်၊ အမိတက္ကသိုလ်မှာ လေ့လာသင်ယူမှုပြီးဆုံးတဲ့အခါ ရှာဖွေဖော်ထုတ်တဲ့အဆင့်ကို တက်လှမ်းနိုင်ကြရမယ်။

သူများ၊ နိုင်ငံတော်ရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ကြသူများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး

တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ရဲဘော်တို့–

နိဂုံးအနေနဲ့ပြောကြား
အညီ–

- **နိုင်ငံတော်ကာကွယ်**
  ကြပါ။
- **တပ်မတော်ရဲ့ သိပ္ပံနဲ့**
  အားထုတ်လုပ်ကိုင်

သားကောင်းရတနာများဖြစ်အောင် ကြိုးပမ်း
တော်တည်ဆောက်နိုင်ရန် အားထုတ်လုပ်ကိုင်

ရေးအတွက် အကျိုးပြုကြသူများကို ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းလျက်ရှိတယ်၊ ဒါကြောင့် ရဲဘော်တို့ဟာ တပ်မတော်နဲ့နိုင်ငံတော်ရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တဲ့ သားကောင်းရတနာ တွေဖြစ်အောင် ကြိုးပမ်းကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့-

ယနေ့တပ်မတော်နဲ့ပြည်သူလက်တွဲပြီး နိုင်ငံတော်ကို တည်ဆောက်ရာမှာ နိုင်ငံတော်အတွင်း တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းလျက်ရှိတယ်၊ နယ်စပ်ဒေသနဲ့ တိုင်း ရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးစီမံကိန်း၊ အထူးဒေသကြီး(၂၄)ခု ဖွံ့ဖြိုး ရေးစီမံကိန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းတို့ကို ဖွံ့ဖြိုးရေးကွန်ရက်အဖြစ် အချိတ်အဆက်မိအောင် ဆောင်ရွက်လျက်ရှိတယ်၊ ရဲဘော်တို့ဟာ တာဝန်ကျရာဒေသအသီးသီးကို ရောက်ရှိတဲ့အခါ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကို ပြည်ထောင်စုစိတ်ဓာတ်နဲ့ အင်တိုက်အားတိုက်ဆောင်ရွက်ကြဖို့ တိုက်တွန်း လိုက်ပါတယ်။

ဆုချီးမြှင့်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်း ဂုဏ်ပြု စစ်ရေးပြအခမ်းအနားတွင် အကောင်းဆုံး အင်ဂျင်နီယာဗိုလ်လောင်းဆုနှင့် လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၇၄၆) ဗိုလ်လောင်း ဇေယျာထွန်းညိုအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရဲဘော်တို့-

နိဂုံးအနေနဲ့ပြောကြားရရင် တပ်မတော်နည်းပညာတက္ကသိုလ် ဖွင့်လှစ်ရခြင်းရဲ့ ရည်ရွယ်ချက်များနဲ့ အညီ-

- **နိုင်ငံတော်ကာကွယ်ရေးတာဝန်အတွက် အတတ်ပညာရှင် သားကောင်းရတနာများဖြစ်အောင် ကြိုးပမ်း ကြပါ။**
- **တပ်မတော်ရဲ့ သိပ္ပံနဲ့နည်းပညာ တိုးတက်မြင့်မားစေရန်နဲ့ ခေတ်မီတပ်မတော် တည်ဆောက်နိုင်ရန် အားထုတ်လုပ်ကိုင်ကြပါ။**
- **တပ်မတော်ရဲ့ အစဉ်အလာ(၁၂)ရပ်ကို အသက်ပေး စောင့်ထိန်းမယ့် မျိုးဆက်သစ်ခေါင်းဆောင်များဖြစ်အောင် ကျင့်ကြံ ဆောင်ရွက်ကြပါ။**
- **တပ်မတော်ရဲ့ သိပ္ပံနဲ့နည်းပညာအခန်းကဏ္ဍ ပိုမိုတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကို တည်ဆောက်ရာမှာ အထောက်အကူပြုကြပါ** လို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

တပ်မတော် နည်းပညာ တက္ကသိုလ် ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၆) သင်တန်း ဆင်း ဂုဏ်ပြု စစ်ရေးပြအခမ်း အနားသို့ တက်ရောက်လာသူ များအား တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား
အစီအစဉ်

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆ တော်ကြီး နိုင်ငံတော် သံ မဟာနာယကအဖွဲ့ အက တော်ဆောင်ချုပ်၊ အဘိ မဟာရဋ္ဌဂုရု၊ အဘိဓ မဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇း၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သေ ဥပ္ပါတသန္တိပါဠိတော်**

၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့

၇း၃၀ ၄။ နံနက်ခင်းသတင်း

၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇း၅၀ ၆။ ခါသကြၤန်အဆိုအကများ

၈း၀၀ ၇။ အရေးပြိုင်ပွဲ

၈း၁၀ ၈။ လဂွမ်းပြင်ရေလှောင်တမံ

၈း၂၀ ၉။ ခါသကြၤန်အဆိုအကများ

၈း၃၀ ၁၀။ International News

၈း၄၅ ၁၁။ Happy and Educati EnglishSummerCou MRTV (Senior Cla

၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး

၁၁း၀၅ ၂။ ခါသကြၤန်အဆိုအကများ

၁၁း၂၀ ၃။ ပြည်တွင်းသတင်း

၁၁း၃၀ ၄။ ချစ်စရာ့တာသကြၤန်

၁၂း၀၀ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံ ပြည်တွင်းသတင်းစဉ်

၁း၄၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ(အပိုင်း-**

၂း၁၀ ၇။ စည်းကမ်းထိန်းပါ မြန်မာ့ ယဉ်ကျေးမှုမဟာသကြၤန် ပွဲတော်မှာ

၂း၃၀ ၈။ ခါသကြၤန်အဆိုအကများ

၂း၄၅ ၉။ International News

၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၄း၃၀ ၃။ တေးဂီတအစီအစဉ်

၄း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပည ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(သိပ္ပံအထူးပြု အားလုံး) (ရူပဗေဒ)

၅း၀၀ ၅။ ခါသကြၤန်အဆိုအကများ

၅း၁၅ ၆။ တေးဂီတအစီအစဉ်

၅း၃၀ ၇။ ခါသကြၤန်အဆိုအကများ

၅း၄၅ ၈။ ချစ်စရာ့တာသကြၤန်

၆း၁၅ ၉။ စားကြမယ်ဟော့ကောင်း

၆း၃၀ ၁၀။ ညနေခင်းသတင်း

၇း၀၀ ၁၁။ မိုးလေဝသအခြေအနေ

၇း၀၅ ၁၂။ Discovery

၇း၁၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ နှင်းပွင့် (အပိုင်း-၂)**

၇း၄၀ ၁၄။ ခါသကြၤန်အဆိုအကများ

၈း၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ **မြန်မာဗီဒီယိုဇာတ်လမ်း သကြၤန်ရေစိုပါစေ (အပိုင (ဝေဠုကျော်၊ မျိုးစန္ဒီကျော် ခိုင်နှင်းဝေ) [ဒါရိုက်တာ-မောင်နီလွင်(**

၁၉။ နောက်တစ်နေ့အစီအစဉ်

၂၀။ အစီအစဉ်ပြီး၏။

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

❀ ကျောဖုံးမှ

ဗိုလ်မှူးချုပ်လွန်းသိ၊ ဦးသောင်း၊ ဗိုလ်ချုပ်တင်ထွတ်နှင့် ဒေါက်တာကျော်မြင့်၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်မှူးချုပ်သိန်းထိုက်၊ ဒုတိယ တပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ် အောင်ကြည်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး များဖြစ်ကြသော ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်ချုပ်တင်စိုး၊ ဗိုလ်ချုပ်သိန်းထွန်း၊ ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဗိုလ်ချုပ်ခင်မောင်တင့်၊ ဗိုလ်မှူးကြီးသန်းအောင်၊ ဗိုလ်ချုပ်တင်ထွန်း၊ ဗိုလ်ချုပ်သန်းဌေး၊ ဗိုလ်ချုပ်စိန်လင်း၊ ဗိုလ်မှူးချုပ်အေးမြင့်နှင့် တပ်မတော်အရာရှိ ကြီးများ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ် မင်းအောင်လှိုင်၊ တပ်မတော်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဖိတ်ကြားထားသော သင်တန်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

တပ်ခွဲများစစ်ဆေး

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် သင်တန်းဆင်း ဗိုလ်လောင်းတပ်ခွဲများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆)မှ အကောင်းဆုံး အင်ဂျင်နီယာဗိုလ်လောင်းဆုနှင့် လေ့ကျင့်ရေးထူးချွန်ဆု ရရှိသူ ဗိုလ်လောင်းအမှတ်(၇၄၆) ဗိုလ်လောင်းဇေယျာထွန်းညို၊ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၈၆၂) ဗိုလ်လောင်း သီဟသိန်းဝင်းတို့အား ဆုများအသီးသီးချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းပြောကြားသည်။

(ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းကို စာမျက်နှာရှေ့ဖုံးတွင် ဖော်ပြထားပါသည်။)

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တပ်မတော် နည်းပညာတက္ကသိုလ် ပင်မဆောင်ရှိ ပါမောက္ခချုပ်၏ ဧည့်ခန်းဆောင်၌ ထူးချွန်ဆုရ ဗိုလ်လောင်းနှစ်ဦးနှင့် ယင်းတို့၏ မိဘများအား တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။ (သတင်းစဉ်)

တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာသူများအား တွေ့ရစဉ်။

(သတင်းစဉ်)



တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း အမှတ် (၈၆၂) ဗိုလ်လောင်းသီဟသိန်းဝင်းအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား ကမ္ဘာ့ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဒုတိယဌာနေကိုယ်စားလှယ် တွေ့ဆုံ

ရန်ကုန် ဧပြီ ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (United Nations Children's Fun)မှ ဒုတိယဌာနေကိုယ်စားလှယ် Ms. Elke Wish သည် အဖွဲ့ဝင်နှစ်ဦး လိုက်ပါလျက် ယနေ့မွန်းလွဲ ၁နာရီတွင် ဝန်ကြီးရုံးဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးရုံး အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦး၊ မီးသတ် ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် ရုံးအဖွဲ့မှူး ဦးမောင်ပီ တို့လည်း တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၆၀) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၉

အတာရေချမ်း ပက်ဖျန်းကြည်နူး နှစ်သစ်ဦးကို ကြိုဆို၍ ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၆၀)ကို ဖြန့်ချိလိုက်သည်။**(ယာပုံ)**

မြင်းမူမောင်နိုင်မိုး၊ ကြူကြူသင်း၊ မောင်ကြင်နွယ်၊ သူရဇော်၊ ဝင်းဝေနောင်၊ မြင့်ဦးဦးမြင့်၊ သိပ္ပံစိုးမြင့်နိုင်၊ ပုဏ္ဏဝတီတင့်နှောင်း၊ စိုးမြင့်စိုး (ကျောက်ပန်းတောင်း)၊ ဇာနည်၊ ကောင်းညွန့်ဝေ (ရေစကြို)၊ ပြင်စည်အောင် (ခရာတော)၊ ပုရစ်ဖူး(မင်းလှ) တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ ပခုက္ကူဦးအုံးဖေ၊ တက္ကသိုလ်တင်ခ၊ ဒေါက်တာမတင်ဝင်း၊ အောင်စည်ဟိန်း၊ မြင့်သိန်းအောင်၊ ခင်ဆွေမြင့် (မြန်မာစာ)၊ ချစ်နိုင် (စိတ်ပညာ)၊ ရွှေဥဒေါင်၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၊သန်းလွင် (ရပ်စောက်)၊ ဇော်ကိုကို (မြန်မာစာ)၊ မိုးထက်မောင်မောင်၊ တက္ကသိုလ်စိုးယဉ်၊ နီငြိမ်း (အညာတက္ကသိုလ်)၊ မောင်နွယ်သန်း၊ မှူးစိုး၊ မောင်ကျေးဇူး တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ယုဝတီခင်ဦး၊ ချစ်စံဝင်း၊ ပုသိမ်ရန်နောင်စိုး၊ ပန်းရောင်၊ မြို့သာမရာထို၊ ကေ (တောင်တန်းပြာ)၊ ကျော်မင်းညွန့်(လှည်းကူး)၊ မင်းထက် (ကောလိယ)၊အောင်စံမြင့်တို့၏ ဝတ္ထုရှည်၊ ဝတ္ထုတိုများအပြင် ဗုဒ္ဓစာဥယျာဉ်၊ ကဗျာပန်းရံရိပ်၊ အမျိုးသမီးကဏ္ဍ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ တောခလေ့စာပန်းချီ၊ ပုံပြင်၊ ကာတွန်း၊ ဟာသ၊ ကဏ္ဍစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ် အရောင်းဆိုင်နှင့် အခြားဆိုင်ကြီးများ၊ မန္တလေး၊ ပြည်၊ မကွေး၊ ကလော၊ တောင်ကြီး၊ ဟဲဟိုး၊ မော်လမြိုင်၊ ပျဉ်းမနား၊ ပဲခူး၊ လားရှိုး၊ ရွှေဘို၊ မအူပင်၊ ကျောက်တန်း၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်မြို့နယ် စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တွေ့ဆုံ အားပေး

မေ ၉ရက်က တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် ထူးချွန်ဆုရ ဗိုလ်လောင်းနှစ်ဦးနှင့် ယင်းတို့၏မိဘများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။

(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်

ရန်ကုန် မေ ၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံ၌ မေ ၆ရက်တွင်ကျင်းပသည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေး (Retreat)နှင့် မေ ၇ရက်တွင် ကျင်းပသည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၏ အဋ္ဌမအကြိမ်မြောက် အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကိုယ်စားလှယ်အဖွဲ့၏ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မေ ၆ရက် မွန်းလွဲ ၁၂နာရီခွဲတွင် Sentosa Resort and Spa ၌ ကျင်းပသော အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးသို့ တက်ရောက်ကြပြီး ဒေသတွင်းရှိ အရင်းအနှီးဈေးကွက်များ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် ၂၀၀၆ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ် နှစ်ပတ်လည်အစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်မှုများနှင့် ပတ်သက်၍ အာဆီယံဘဏ္ဍာရေးဝန်ကြီးများအကြား အလွတ်သဘော ခင်မင်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ၏ အဋ္ဌမအကြိမ်မြောက် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို မေ ၇ရက် နံနက် ၈နာရီခွဲတွင် Shangri-la Singapore Hotel ၌ ကျင်းပရာ စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး H. E. Lee Hsien Loong က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများသည် အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆွေးနွေးဖလှယ်

ယင်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် ဘဏ္ဍာရေးဝန်ကြီး H. E. Lim Hng Kiang က သဘာပတိအဖြစ် ဆောင်ရွက်သည်။ အစည်းအဝေးတွင် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Tadao Chino က အာဆီယံ စီးပွားရေးအခြေအနေနှင့် ရှေ့အလားအလာကို ဝန်ကြီးများအား တင်ပြရာ ဘဏ္ဍာရေးဝန်ကြီးများက တင်ပြချက်အပေါ် အမြင်ချင်း ဆွေးနွေးဖလှယ်ကြသည်။

ဆက်လက်၍ အာဆီယံနိုင်ငံများ၏ စီးပွားရေးအခြေအနေ သုံးသပ်ချက်နှင့် မူဝါဒရေးရာကိစ္စရပ်များကို အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ် Mr. Ong Keng Yong က တင်ပြပြီး ဘဏ္ဍာရေးဝန်ကြီးများက မိမိတို့နိုင်ငံအသီးသီး၏ စီးပွားရေးအခြေအနေများ၊ ဆောင်ရွက်နေသော ပြုပြင်ပြောင်းလဲမှုများနှင့် မူဝါဒများကို ရှင်းလင်းဆွေးနွေးကြသည်။

လမ်းညွှန်မှုပြုခဲ့

ဘဏ္ဍာရေးဝန်ကြီးများသည် ဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ အာဆီယံနိုင်ငံခေါင်းဆောင်များက အတည်ပြုခဲ့သော အာဆီယံ ပေါင်းစည်းရေးလမ်းပြ မြေပုံ၏ ဘဏ္ဍာရေးပူးပေါင်း ဆောင်ရွက်မှု လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ ဇင်းမယ်အစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေနှင့် အာရှငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ရှေ့ဆက်လက် ဆောင်ရွက်ရန်အတွက် လမ်းညွှန်မှုပြုခဲ့ကြသည်။

ရှင်းလင်းပွဲကျင်းပ

ယင်းနောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၏ ပူးတွဲသတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ပြီး သတင်းစာရှင်းလင်းပွဲကို ကျင်းပသည်။

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် စင်ကာပူနိုင်ငံသို့ရောက်ရှိနေစဉ် မေ ၆ရက်တွင် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ရုံး ဝန်ကြီးနှင့် ဘဏ္ဍာရေးဝန်ကြီး H. E. Lim Hng Kiang နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ငွေရေးကြေးရေး ဝန်ဆောင်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ညှိနှိုင်းဆွေးနွေး

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား မေ ၅ရက်တွင် Development Bank of Singapore မှ Vice President, Mr. Frank Wong နှင့် အဖွဲ့ကလည်းကောင်း၊ မေ ၈ရက်တွင် United Oversea Bank မှ Chairman and CEO, Mr. Lee နှင့် အဖွဲ့ကလည်းကောင်း လာရောက်တွေ့ဆုံပြီး အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသန်းညိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာစိန်နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးဝင်းတို့လည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း စင်ကာပူနိုင်ငံ၌ ကျင်းပသည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးနှင့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၏ အဋ္ဌမအကြိမ်မြောက် အစည်းအဝေးများသို့ တက်ရောက်စဉ်။ (ဘဏ္ဍာ/အခွန်)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မိသားစု စုပေါင်းဒုလ္လဘရဟန်းခံပွဲ ကျင်းပ

ရန်ကုန် မေ ၉

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၏ (၁၈)ကြိမ်မြောက် မိသားစု စုပေါင်းဒုလ္လဘရဟန်းခံရှင်ပြုနှင့် သီလရှင်ဝတ်ပွဲ အလှူတော်မင်္ဂလာကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ချမ်းမြေ့ရိပ်သာကျောင်း၌ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၏ဇနီး ဒေါ်မူမူဝင်း၊ ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးချုပ်၊ ဌာနကြီးမှူးများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုလ္လဘရဟန်းအပါး ၂၁ပါးတို့အား အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ကမ္ဘာ့သာသနာပြု ချမ်းမြေ့ရိပ်သာဆရာတော် ဘဒ္ဒန္တအရှင်ဇနကာဘိဝံသနှင့် သံဃာတော်များက မြင့်မြတ်သော ရဟန်းဘဝသို့ သွတ်သွင်းချီးမြှောက်ကြသည်။ ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၏ဇနီး ဒေါ်မူမူဝင်း၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်၊ ဌာနကြီးမှူးများနှင့် ဝန်ထမ်းမိသားစုများက သိမ်ဆင်းလောင်းလှူကြသည်။ ထို့နောက် အနုမောဒနာတရား နာယူကာ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ (သတင်းစဉ်)

ရှင် ၁၅၀၂ ပါး သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာကျင်းပ တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်မြင့် တက်ရောက်

ရန်ကုန် ဧပြီ ၉

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနုတို့အား အမှူးထား၍ ဦးဇော်မင်းဇင်၊ ဒေါ်တင်သီတာ မိသားစုတို့က လှူဒါန်းကျင်းပသော ရှင် ၁၅၀၂ ပါး သာမဏေရ ပဗ္ဗဇ္ဇ မင်္ဂလာ အခမ်းအနားကို ဧပြီ ၃ရက် နံနက်ပိုင်းက ကျင်းပရာ နံနက် ၇ နာရီတွင် တောင်ကြီးမြို့ မိုးလုံလေလုံအားကစားဝင်း အလှူတော်မင်္ဂလာ မဏ္ဍပ်မုခ်ဦး ရှေ့မှ စတင်၍ ပြည်နယ် အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီး ရဲထွန်းစိန်၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရဦးသန်းလှ (တံကြားကုသိုလ်ဖြစ် ထီးတော်တင်) မိသားစုနှင့် ဦးဇော်မင်းဇင်၊ ဒေါ်တင်သီတာ မိသားစုတို့က ဦးဆောင်၍ ရှင်သာမဏေလောင်း ၁၅၀၂ ပါးနှင့် မိဘဆွေမျိုး အပေါင်းတို့က သက်န်းပရိက္ခရာ အပြည့်အစုံ၊ အိုးစည်ဒိုးပတ်များဖြင့် စီတန်းလျက် တောင်ကြီးမြို့တွင်း လှည့်လည် ကြသည်။

ငါးပါးသီလခံယူ

ဧပြီ ၄ရက် မွန်းတည့် ၁၂နာရီတွင် အဆိုပါရှင် ၁၅၀၂ပါး သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာအခမ်းအနားကို တောင်ကြီးမြို့ မိုးလုံလေလုံ အားကစားဝင်း အလှူတော်မင်္ဂလာမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ပြည်နယ် သံဃာ နာယကအဖွဲ့ဝင် သိမ်တောင်ကျောင်းတိုက် စာချဆရာတော် ဘဒ္ဒန္တ တေဇဝန္တ က ရှင်သာမဏေလောင်းများအား သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာကို ဆောင်ရွက်ပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက် ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဆန္ဒာဓိကထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြ သည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖွား ချီးမြှင့်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်မြင့်နှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ် သံဃာ နာယကအဖွဲ့ ဥက္ကဋ္ဌ တပ်ဦး ဥတ္တရာရုံ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထ ဝါစက ပဏ္ဍိတ ဘဒ္ဒန္တပညာသိရိ က အနုမောဒနာတရား ဟောကြားတော်မူ ပြီး တိုင်းမှူးနှင့် အလှူရှင်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက် သွန်းချ အမျှပေးဝေကာ အခမ်းအနား ကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက် သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းအေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေနှင့် ပဲခူးတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကို ရန်ကုန်တိုင်း နှင့် ပဲခူးတိုင်းတို့အား ပေါင်းကူး ဆက်သွယ်ပေးသည့် တိုက်ကြီး– ဖောင်ကြီး–ပဲခူးရိုးမဖြတ်ကျော်သည့် ဂဝံလမ်းသစ်ဖွင့်ပွဲ အခမ်းအနားတွင် လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး စဉ်။ (ရကတ)

တိုက်ကြီး–ဖောင်ကြီး–ပဲခူးရိုးမဖြတ်ကျော်သည့် ဂဝံလမ်းသစ်ဖွင့်ပွဲအခမ်းအနားများ ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကို တက်ရောက်ဖွင့်လှစ်

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့အား ပေါင်းကူးဆက်သွယ်ပေးသည့် တိုက်ကြီး–ဖောင်ကြီး–ပဲခူးရိုးမ ဖြတ်ကျော်သည့် ဂဝံလမ်းသစ်ဖွင့်ပွဲအခမ်းအနားများကို ရန်ကုန်တိုင်း တိုက်ကြီးမြို့နှင့် ပဲခူးတိုင်းအတွင်း ရန်ကုန်–ပဲခူးခြောက်လမ်းသွား လမ်းမကြီးနှင့် တိုက်ကြီး–ဖောင်ကြီး–ပဲခူး လမ်းဆုံအနီးတို့၌ ယနေ့မွန်းလွဲပိုင်းတို့တွင် နှစ်နေရာခွဲ၍ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့ တက်ရောက် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရှေးဦးစွာ တိုက်ကြီး–ဖောင်ကြီး–ပဲခူးရိုးမ ဖြတ်ကျော်သည့် ဂဝံလမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဘက်ခြမ်း တိုက်ကြီးမြို့ရှိ အဆိုပါလမ်းသစ် မုခ်ဦး အနီး ယာယီမဏ္ဍပ်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ ဦးစီးအရာရှိ(ပထမတန်း) ဒုတိယဗိုလ်မှူး ကြီး သိုက်စိုးက တိုက်ကြီး–ဖောင်ကြီး– ပဲခူးလမ်းဖောက်လုပ်ခဲ့မှုအခြေအနေများ နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒေသခံပြည်သူများ ကိုယ်စား ဦးခင်မောင်မြင့်က လမ်း ဖောက်လုပ်ပေးခဲ့မှုနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင် နီယာ ညွှန်ကြားရေးမှူးရုံး ဦးစီးအရာရှိ (ပထမတန်း) ဒုတိယဗိုလ်မှူးကြီးသိုက်စိုး တို့က တိုက်ကြီး–ဖောင်ကြီး–ပဲခူးရိုးမ ဖြတ်ကျော် ဂဝံလမ်းသစ်ကြီးအား တိုက်ကြီးမြို့ မုခ်ဦးရှေ့တွင် ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ် ကိုကိုနှင့် အဖွဲ့ဝင်များသည် တိုက်ကြီးမြို့မှ တိုက်ကြီး – ဖောင်ကြီး – ပဲခူး လမ်း တစ်လျှောက် မော်တော်ယာဉ်များဖြင့် လမ်းအခြေအနေများနှင့် တံတားများ အခြေအနေများကို ကြည့်ရှုစစ်ဆေးကြ သည်။

ဆက်လက်၍ တိုက်ကြီး–ဖောင်ကြီး– ပဲခူးရိုးမ ဖြတ်ကျော် ဂဝံလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ပဲခူးတိုင်းဘက်ခြမ်း ရန်ကုန်–ပဲခူး ခြောက်လမ်းသွား လမ်းမကြီးနှင့် ယင်းလမ်းမကြီးအဆုံ အနီး ယာယီမဏ္ဍပ်၌ မွန်းလွဲ ၂နာရီတွင် ဆက်လက်ကျင်းပရာ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကိုက အမှာစကား ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ ဦးစီးအရာရှိ(ပထမတန်း) ဒုတိယ ဗိုလ်မှူးကြီးသိုက်စိုးက တိုက်ကြီး– ဖောင်ကြီး–ပဲခူးလမ်းအား တပ်မတော် သားများက ဖောက်လုပ်ခဲ့မှုနှင့် ပတ် သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပဲခူးမြို့နယ်မှ ဒေသခံ ပြည်သူများကိုယ်စား ဦးရဲမြင့်ထွန်းက တိုက်ကြီး–ဖောင်ကြီး– ပဲခူးရိုးမဖြတ် လမ်းမကြီးဖောက်လုပ်ပေးခြင်းအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင် စကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပဲခူးတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် စစ်အင်ဂျင် နီယာညွှန်ကြားရေးမှူးရုံးမှ ဦးစီးအရာရှိ (ပထမတန်း)ဒုတိယဗိုလ်မှူးကြီး သိုက်စိုး တို့က တိုက်ကြီး–ဖောင်ကြီး–ပဲခူး ဂဝံ လမ်းသစ်ကြီးကို ပဲခူးမြို့နယ်အတွင်း မုခ်ဦးရှေ့တွင် ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် လမ်းသစ်မုခ်ဦးရှေ့၌ စုပေါင်းဓာတ်ပုံရိုက်ကြပြီး ဂဝံလမ်းသစ် ကြီးကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ဖွင့်လှစ်သည့် တိုက်ကြီး– ဖောင်ကြီး–ပဲခူးရိုးမ ဖြတ်ကျော်သည့် ဂဝံလမ်းသစ်ကြီးသည် အရှည် ၄၂မိုင် ငါးဖာလုံရှိပြီး မြေသားလမ်းအကျယ် ပေ ၄၀၊ ဂဝံလမ်းအကျယ် ၂၂ပေရှိကာ လမ်းတစ်လျှောက် သံကူကွန်ကရစ် တံတားသုံးစင်း၊ ကွန်ကရစ်ရေပြွန် ၆၀ စင်း၊ သစ်သားတံတား ၃၁စင်းနှင့် သစ်သားရေပြွန် ၁၈ခုပါရှိသည်။ လမ်းသစ်ကြီးအား တပ်မတော်သားများ က တာဝန်ယူဖောက်လုပ်ခဲ့ပြီး ဤ လမ်းသစ်ကြီး ဖောက်လုပ်ပြီးစီးသည့် အတွက် တိုက်ကြီး – မော်ဘီ – ထောက်ကြန့်–လှည်းကူး–ပဲခူးလမ်း ထက်အရှည် ၂၂မိုင် သုံးဖာလုံ ပိုမို တိုတောင်းခြင်းကြောင့် အချိန်တိုအတွင်း သွားလာမှု လွယ်ကူမည်ဖြစ်သည်။ (သတင်းစဉ်)

သင်္ကြန်ရက်အတွင်း နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဧပြီ ၉

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် အာရုံခံတန်ဆောင်း အပေါ်ထပ်တွင် ၁၃၆၅ခုနှစ် တန်ခူးလပြည့်ကျော် ၈ရက် ဧပြီ ၁၂ရက်မှ တန်ခူးလပြည့်ကျော် ၁၂ရက် ဧပြီ ၁၆ရက်အထိ ငါးရက် တိုင်တိုင် နေ့စဉ် နံနက် ၉နာရီတွင် နဝင်္ဂသီလချီးမြှင့်ပြီး မွန်းလွဲ ၁နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ကို နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် နာယကချုပ်၊ ဒုတိယ နာယကချုပ် ဆရာတော်များက ဟောကြားတော်မူမည်ဖြစ်သည်။ (သတင်းစဉ်)

ရှာရန်ရာနှုန်း ၆၀

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် တွင် ယနေ့မွန်းလွဲနှင့် ညနေပိုင်း တို့တွင် နေရာကွက်ကျား မိုး ထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

နွေရာသီအားကစားသင်တန်းများဆင်းပွဲ ကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ဆုချီးမြှင့်

ရန်ကုန် ဧပြီ ၉

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူး ချုပ် သူရအေးမြင့်သည် ယနေ့နံနက် ၈နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲ ရုံ(၁) (သုဝဏ္ဏ)၌ ကျင်းပသော ၂၀၀၄ ခုနှစ် နွေရာသီအခြေခံ အားကစား သင်တန်းများ ဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြား ပြီး သင်တန်းဆင်းလက်မှတ်နှင့် ဆုများ ချီးမြှင့်သည်။

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူ များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ်မှ ဦးဆောင်နာယကအဖွဲ့ဝင် များ၊ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသူ များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကား ပြောကြားပြီး အားကစားနည်း ၂၈မျိုး သင်တန်းဆင်း လက်မှတ်များကို အားကစားသမား တစ်ဦးအား လည်းကောင်း၊ နည်းပြဆရာ ထောက်ပံ့ စရိတ်ငွေကျပ်ခြောက်သိန်း ခုနစ်သောင်း ငါးထောင်ကို တာဝန်ခံ နည်းပြဆရာ တစ်ဦးအားလည်းကောင်း ပေးအပ် ချီးမြှင့်ကာ သင်တန်းတွင် ဆုရရှိကြ သော ကရာတေးဒို၊ သေနတ်ပစ်၊ ပြိုင် စက်ဘီး၊ ဘိလိယက်နှင့်စနူကာ၊ ကိုယ် ကာယအလှမောင်နှင့် ကာယအလှမယ် ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများအသီးသီးချီးမြှင့်သည်။

ယင်းနောက် သင်တန်းသားများက မြန်မာ့သိုင်း၊ တိုက်ကွမ်ဒို၊ ကိုယ်ကာယ ကြံ့ခိုင်မှု လေ့ကျင့်ခန်း (အေရိုးဗစ်)၊ ကရာတေးဒိုနှင့်ဝူရှူးအားကစားအဖွဲ့ချုပ် တို့မှ အားကစားနည်းအလိုက် သရုပ်ပြ ကြသည်။

ထို့နောက် ဝန်ကြီးသည် နံနက် ၁၀နာရီတွင် အားကစားနှင့် ကာယ ပညာသိပ္ပံ(ရန်ကုန်)၌ ကျင်းပသော အားကစားဒီပလိုမာသင်တန်း အမှတ် စဉ်(၇) ဆင်းပွဲအခမ်းအနားသို့ တက် ရောက် အမှာစကားပြောကြားပြီး အားကစား ဒီပလိုမာသင်တန်းဆင်း လက်မှတ်များကို သင်တန်းသားတစ်ဦး ချင်းအား ပေးအပ်ချီးမြှင့်ကာ ထူးချွန်ဆု များကို ဆက်လက်ပေးအပ် ချီးမြှင့် လိုက်သည်။

ထို့နောက် ဝန်ကြီးသည် ယနေ့ မွန်းလွဲ ၂နာရီခွဲတွင် အမျိုးသား အားကစားပြိုင်ပွဲရုံ(၁)ပတ္တမြားခန်းမ၌ ၂၀၀၄ခုနှစ် ဧပြီ ၁၈ရက်မှ ၂၆ရက် အထိ ဂျပန်နိုင်ငံဟီရိုရှီးမားမြို့၌ ကျင်းပ မည့် ၂၀၀၄ခုနှစ် အေသင် အိုလံပစ် အမျိုးသမီး ခြေစစ်ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်ပြည်သူ့ ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီး ဒေါက်တာ ပင်ဒိုရာအောင်ကြီး ခေါင်းဆောင်သော အုပ်ချုပ်သူနည်းပြ ဆရာနှင့် အားကစားသမား စုစုပေါင်း ၂၆ဦး ပါဝင်သော မြန်မာအမျိုးသမီး ဘောလုံးအဖွဲ့ဝင်များနှင့် ၂၀၀၄ခုနှစ် ဧပြီ ၂၀ရက်မှ ၂၅ရက်အထိ မလေးရှား နိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည့် ၂၀၀၄ ခုနှစ် အာရှ တံခွန်စိုက် ကြက်တောင်ရိုက်ပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံကြက်တောင် ရိုက်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးဇော် ဘင်တင် ခေါင်းဆောင်သောအုပ်ချုပ်၊ နည်းပြနှင့် အားကစားသမားစုစုပေါင်း အားကစားအဖွဲ့ဝင် ခုနစ်ဦး ပါဝင်သော မြန်မာကြက်တောင်ရိုက် အားကစား အဖွဲ့တို့အား တွေ့ဆုံ၍ အမှာစကား ပြောကြားပြီး သက်ဆိုင်ရာအားကစား အဖွဲ့ချုပ်များမှ တာဝန်ရှိသူတို့၏ တင်ပြ ချက်များနှင့်ပတ်သက်၍ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်း မှာကြားသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀–၄–၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ မြန်မာသကြိန်
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ **ဆရာတော်ဦးဇောသိတ တရားတော် "ရှေးအတိတ်ကံအစွမ်းကြောင့် ဖြစ်ပေါ်လာ"**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၅။ မြန်မာသကြိန်
၄:၄၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် – Finance (စီးပွားရေး၊ စီးပွားစီမံ)
၅:၃၀ ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဉာဏ်ကျယ်လေး" (အပိုင်း–၇)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး" (ဒုတိယတွဲ) (အပိုင်း–၅)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စက်ချုပ်သင်တန်းဆင်းပွဲ၊ ဖွင့်ပွဲနှင့် သိုးမွေးစက်ထိုး သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် အိမ်တွင်းမှုသင်တန်းကျောင်း၏ စက်ချုပ်သင်တန်း အမှတ်စဉ်(၃၂/၂၀၀၄)ဆင်းပွဲ၊ စက်ချုပ်သင်တန်း အမှတ်စဉ်(၃၃/၂၀၀၄)ဖွင့်ပွဲနှင့် သိုးမွေးစက်ထိုးသင်တန်း အမှတ်စဉ်(၂/၂၀၀၄)ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ အဆိုပါအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ကြီးကြပ်ကော်မတီနာယကများ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေး၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အဖွင့်အမှာစကား ပြောကြားသည်။

ပေးအပ်

ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်ဆွေညွန့်တို့က စက်ချုပ်သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒေါ်ကျင်ခိုင်က သိုးမွေးစက်ထိုး သင်တန်းသင်တန်းသူများအားသင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ထို့နောက် သင်တန်းသူများက အိမ်တွင်းမှု သင်တန်းကျောင်းအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများကို ကြီးကြပ်ကော်မတီနာယက ဒေါ်စန်းမြင့်ထံ ပေးအပ်ကြသည်။ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကဖွင့်လှစ်သည့် ပုံမှန်သင်တန်းများကို ဧပြီ ၂၇ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ရာသင်တန်းတက်ရောက်လိုသူများ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပေးအပ်

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူးဖွင့်လှစ်သည့် အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၃၂/၂၀၀၄) ဆင်းပွဲနှင့် သိုးမွေးစက်ထိုးသင်တန်း (၂/၂၀၀၄) ဆင်းပွဲတွင် သင်တန်းဆင်းလက်မှတ် ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေထံ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် စေတနာရှင် အလှူရှင်များက အလှူငွေနှင့် အလှူပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ ပြည်တွင်း ပြည်ပမှ အလှူရှင်များက အလှူပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ အဆိုပါ အသင်း အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်၍ အလှူပစ္စည်းများ လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ဂျပန်နိုင်ငံမှ မစ္စတာ ရှီရှိဘားရားက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာနအတွက် ငွေကျပ် နှစ်သိန်းငါးသောင်းတန်ဖိုးရှိ မုန့်များ၊ မလေးရှားနိုင်ငံရောက် မြန်မာမိသားစုကိုယ်စား မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၏ ဇနီး ဒေါ်သန္တာခင်က ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများ၊ Tr. Star General Trading Co., Ltd. မှ ဦးသိန်းနိုင်၊ ဦးမျိုးဝင်းနှင့် ဦးလှနိုင်တို့က Rainbow ဗလာစာအုပ် ၁၀၈၀ဒါဇင်၊ Eastern Star Trading Co. Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်စိုးက ဗလာစာအုပ်ဒါဇင် ၅၀၊ Lucky Mon Co., မှ ဒါရိုက်တာ ဦးသိန်းဇော်က ဗလာစာအုပ် ၂၇ဒါဇင်၊ ရွှေဝါဝင်းကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဦးရွှေဝါက ဗလာစာအုပ် ၁၆ဒါဇင်၊ မြန်မာ 21 Century Group မှ ဗလာစာအုပ် ၁၆ ဒါဇင် တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

တက်ရောက်

အဆိုပါ အလှူငွေပေးအပ်ပွဲသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဟိုတယ်/ ခရီးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ရဟန်းခံ၊ ရှင်ပြုအလှူတော် မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၉

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့်ဇနီး ဒေါ်မူမူဝင်းတို့အား အမှူးထား၍ ဝန်ထမ်းမိသားစုများ၏ (၂၁)ကြိမ်မြောက် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရွှေမင်းဝံ သာသနာ့ရိပ်သာ၌ ကျင်းပသည်။

ရှေးဦးစွာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းဌာနတို့မှ ဝန်ထမ်းမိသားစုများက သိမ်ဆင်းဆရာတော်၊ သံဃာတော် ၃၇ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် သိမ်ဆင်းလောင်းလှူကြပြီး ရွှေမင်းဝံဆရာတော် ဘဒ္ဒန္တ သောဘနထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်နှင့် ဇနီး ဒေါ်ဝင်းကြည်တို့က ဆရာတော်အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဝန်ထမ်းမိသားစုများက ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ သောဘနထံမှ အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဝန်ထမ်းမိသားစုများက ဆရာတော်၊ သံဃာတော် ၇၆ပါးတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ယဉ်ကျေးမှု ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဆဒ္ဒန်ဂူနှင့် ရှေးဟောင်းဂူများ လှည့်လည်ကြည့်ရှု

ရန်ကုန် ဧပြီ ၉

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်သည် ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန်လိုက်ပါလျက် ဧပြီ ၇ရက် ညနေပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိပြီး ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ကရင်ပြည်နယ် ဘားအံမြို့မှ မိုင် ၂၀ခန့်အကွာရှိ ဆဒ္ဒန်ဂူသို့ သွားရောက်ကာ အိန္ဒုရွာထိပ်မှ ဆဒ္ဒန်ဂူအထိ ကျောက်လမ်းခင်းရေး၊ လျှပ်စစ်ဓာတ်မီးတိုင်များစိုက်ထူ၍ လျှပ်စစ်မီးသွယ်တန်းရေး၊ လမ်းဘေးဝဲယာနှင့် ဆဒ္ဒန်ဂူရှေ့၌ သစ်ပင်ပန်းပင်များစိုက်ပျိုးရေး၊ ဆဒ္ဒန်ဂူအတွင်း လျှပ်စစ်မီးသွယ်တန်းရေး၊ လျှောက်လမ်းပြုပြင်ခင်းကျင်းရေးကိစ္စရပ်များကို တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဘားအံမြို့အနီးရှိ ကော့ကသောင်ဂူသို့ သွားရောက်ပြီး လှည့်လည်ကြည့်ရှုကာ ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို ဖူးမြော်ကြည်ညိုသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ဘားအံမြို့နယ် လာကဒေါင်ကျေးရွာအနီး၌ တူးဖော်တွေ့ရှိရသော အေဒီ(၄)ရာစုခန့်က ရှေးဟောင်း ဘာသာရေးအဆောက်အအုံကို သွားရောက်ကြည့်ရှုပြီး ရှေးဟောင်းအဆောက်အအုံ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စီမံဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ဒုတိယဝန်ကြီးသည် ဧပြီ ၈ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် ဘားကပ်ရွာအနီးရှိ ရသေ့ပုံဂူကို သွားရောက်ကြည့်ရှုပြီး ဂူအတွင်း သန့်ရှင်းရေး၊ လျှပ်စစ်မီးသွယ်တန်းရေး ကိစ္စရပ်များ ညှိနှိုင်းမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဘားအံမြို့နယ်ရှိ ဘုရင့်ညီနောင်ဂူသို့ သွားရောက်ပြီး ဂူအတွင်း လှည့်လည်ကြည့်ရှုကာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ဖူးမြော်ကြည်ညိုသည်။ ဒုတိယဝန်ကြီးက ဘုရင့်ညီနောင်ဂူတည်ရှိရာ တောင်ခြေရှိ ရေပူစမ်းကန်များကို သန့်ရှင်းအောင် စီမံထားရှိရေး၊ ယင်းညီနောင်ဂူကို ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားဖွယ် ကြည့်ရှုရန်နေရာအဖြစ် စီမံဆောင်ရွက်သွားရေး ညှိနှိုင်းမှာကြားသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ခုနှစ်၊ ဧပြီလအတွက်
(၁၁-၄-၂၀၀၄)ရက်နေ့
နှင့်
(၂၅-၄-၂၀၀၄)ရက်နေ့

သတိပြုရန်

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်
- (က) မူးယစ်သောက်စား ယာဉ်မမောင်းရ။
- (ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင် မမောင်းရ၊ လုမမောင်းရ။
- (ဂ) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
- (ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
- (စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
- (ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဝီးတက်)မပါဘဲ မမောင်းရ။
- (ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
- (ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
- (ည) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

၃။ "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်"

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်မည်

ရန်ကုန် ဧပြီ ၉

မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)၏(၃၁)ကြိမ်မြောက် အသက်(၇၅)နှစ်နှင့်အထက် မွန်အဘိုးအဘွားများအား ရိုးရာစဉ်လာမပျက် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို မြန်မာနှစ်ဆန်းတစ်ရက်(ဧပြီ၁၇)ရက် နံနက် ၉နာရီတွင် အမှတ်(၁၅၉)၊ ရွှေတိဂုံဘုရားလမ်းရှိ မွန်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ သက်ကြီးပူဇော်ပွဲအခမ်းအနား မကျင်းပမီ နံနက်၇ နာရီမှစ၍ မွန်ရိုးရာသင်္ကြန်ထမင်းနှင့်မွန်ရိုးရာအကများဖြင့် ဧည့်ခံဖျော်ဖြေပြီး ၂၀၀၃ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့်အောင်မြင်ကြသောကျောင်းသူ၊ ကျောင်းသားများအား ဂုဏ်ပြုဆုချီးမြှင့်မည်ဖြစ်ပါ၍ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သောကျောင်းသူ၊ ကျောင်းသားများ နိုင်ကျော်လင်း၊ မွန်ဓမ္မာရုံ၊ ဖုန်း–၃၇၅၅၉၀သို့ စာရင်း ပေးသွင်းနိုင်ကြောင်းနှင့် မွန်တိုင်းရင်းသားများ ကြွရောက် ကြရန် နှိုးဆော်ထားသည်။ (က–ပ)

အထက(၁)စမ်းချောင်း အာစရိယပူဇော်မည်

ရန်ကုန် ဧပြီ ၉

၁၉၆၅–၁၉၈၀ ပြည့်နှစ်အထိ ပညာသင်ကြားပေးခဲ့သောစမ်းချောင်း အထက(၁)မှ ဆရာ၊ ဆရာမကြီးများအား ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၂ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၁) စမ်းချောင်း ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အာစရိယပူဇော်ပွဲအတွက် ပါဝင်လှူဒါန်းလိုသူများသည် ဆရာဦးသိန်းမြင့်ဖုန်း–၂၄၃၇၄၈၊ ဦးညွန့်သန်း ဖုန်း–၅၀၁၉၁၉၊ဦးလှအောင်ရွှေ(ရွှေမိသားစု) ဖုန်း–၅၀၂၆၈၁၊ ၅၀၂၆၈၂၊ ၅၀၃၇၁၆၊ ဦးသက်ဦး ဖုန်း–၂၅၀၁၄၂၊ ဦးမောင်မောင်ဌေး ဖုန်း–၅၂၆၃၆၂၊ ဦးစိုးနိုင် (အေးမေတ္တာ ကားပစ္စည်းဆိုင်၊ တောင်ဥက္ကလာပ) ဖုန်း–၅၆၅၈၈၅တို့သို့ ဆက်သွယ်လှူဒါန်း နိုင်သည်။ (သတင်းစဉ်)



ဒစ်ဂျစ်တယ်ကင်မရာသစ် မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၉

Big Camera Ltd. မှ တာဝန်ယူ ဖြန့်ချိရောင်းချမည့် နီကွန်ဒစ်ဂျစ်တယ် အက်စ်အယ်လ်အာရ် ကင်မရာနှင့် ပတ်သက်သည့် အချက်အလက်များ၊ အသုံးပြုပုံနည်းစနစ်များ ရှင်းလင်းပြသပွဲကို ဧပြီ၇ရက် မွန်းလွဲ၁နာရီခွဲတွင် ရန်ကုန်မြို့ ဂရင်းပလာဇာ ပတ်ခ်ရွိုင်ရယ်ဟိုတယ်ခန်းမ၌ကျင်းပရာ ဌာနဆိုင်ရာမှ ဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းမှ တာဝန်ရှိသူများနှင့် ဓာတ်ပုံဝါသနာရှင်များ တက်ရောက်ကြသည်။ ရှေးဦးစွာ Big Camera Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းဌေး**(အပေါ်ပုံ)** ကနှုတ်ခွန်းဆက်စကားပြောကြားပြီး Nikon D 70 ဒစ်ဂျစ်တယ်ကင်မရာနှင့် ပတ်သက်သည့် နည်းစနစ်များကို ဓာတ်ပုံပညာရှင် ဦးဇော်မြင့် (နာဂိုယာ)က အသေးစိတ် ရှင်းလင်းပြသသည်။ ထို့နောက် ဒစ်ဂျစ်တယ်ကင်မရာ D 70ကို အထူးနှုန်းဖြင့် ရောင်းချမည့် အချက်အလက်များကို ဈေးကွက်မန်နေဂျာ ဒေါ်စိုးစိုးအေးက ရှင်းလင်းပြောကြားသည်။ အခမ်းအနားအပြီးတွင် ဓာတ်ပုံပညာရှင်များနှင့် ဝါသနာရှင်များက D70 ကင်မရာကို လက်တွေ့ စမ်းသပ်ရိုက်ကူးကြသည်။ (ကြေးမုံ)

ပုဏ္ဏားကျွန်းမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဧပြီ ၉

ပုဏ္ဏားကျွန်းမြို့နယ် အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို ဧပြီ၂၅ရက် (တနင်္ဂနွေနေ့)နံနက်၉နာရီတွင် တာမွေမြို့နယ် တာမွေလေးရပ်ကွက် ဦးဘကျော်လမ်းရှိ စတုဘုမ္မိကကျောင်းတွင် ကျင်းပမည်ဖြစ်သည်။

အသက်(၇၅)နှစ်ပြည့် အသင်းဝင်များစာရင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲဂုဏ်ထူးရ အသင်းဝင်သားသမီးများ စာရင်းကို ဦးဖလောင်းဖြူ ဖုန်း–၃၈၃၂၀၇၊ ဦးသိန်းမောင် ဖုန်း–၆၆၂၈၂၄၊ ဦးသင်္ကြန်အောင် ဖုန်း–၂၉၉၂၈၄၊ ဦးရန်အောင် ဖုန်း–၇၂၆၅၂၅၊ ဦးသန်းထွန်း ဖုန်း–၇၂၇၃၄၇၊ ဒေါ်လှနု ဖုန်း–၀၉–၅၀၀၅၁၁၉ တို့သို့ ဧပြီ၂၄ရက် နောက်ဆုံးထား ဆက်သွယ် ပေးပို့ကြရန် နှိုးဆော်ထားသည်။ (က–ပ)

လူကြီးမင်း၏ လုပ်ငန်းများ နိုင်ငံတကာသို့အချိန်နှင့် တစ်ပြေးညီ ပျံ့နှံ့လိုပါက(MRTV-3)တွင် ကြော်ငြာပါ

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV-3)သည် အာရှ၊ အာဖရိက၊ ဩစတြေးလျ၊ ဥရောပနှင့် အမေရိကအပါအဝင် နိုင်ငံတကာသို့ အစီအစဉ်များ ထုတ်လွှင့်ပေးလျက် ရှိပါသည်။ လူကြီးမင်းများ၏ စီးပွားရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ အချိန်တိုအတွင်း အောင်မြင်ဖြစ်ထွန်းစေရန်အတွက် (MRTV-3)တွင် ကြော်ငြာများ ထည့်သွင်းနိုင်ပါသည်။ (MRTV-3)မှာ ကြော်ငြာများထည့်သွင်းခြင်းဖြင့် သင်၏ စီးပွားရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ နိုင်ငံတကာသို့ အချိန်တိုအတွင်း အချိန်နှင့်တစ်ပြေးညီ သိရှိပျံ့နှံ့ပြီး နိုင်ငံတကာ စီးပွားရေးဈေးကွက်သို့ ထိုးဖောက်နိုင်မည်ဖြစ်၍ လူကြီးမင်း၏ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး မလွဲမသွေ အောင်မြင်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

“မြတ်သန္တာ” သင်္ကြန်အထူးအစီအစဉ်

သင်္ကြန်ကာလ ရုံးပိတ်ရက်တွေမှာ ဓါသင်္ကြန် အဆိုအကတွေနဲ့ အထူးအစီအစဉ်အဖြစ် အစားအသောက်မျိုးစုံနှင့် မန္တလေးလက်ရာအကင်စုံ ကို ၁၀%လျော့ချထားပါပြီ။



❐ ၁၀.၄.၀၄ နဲ့ ၁၁.၄.၀၄ (စနေ၊ တနင်္ဂနွေ)မှာ ပုံမှန်အတိုင်း ညနေ ၅း၄၅ သင်္ဘောထွက်ပါမယ်၊ အကြိုနေ့ တစ်ရက်နားပါမယ်။ သင်္ကြန်တွင်း ရေမကစားပဲ ညနေခင်းမှာ လေညင်းခံရင်း ညစာစားလိုကြတဲ့ လူကြီး၊ မိဘ၊ မိသားစုများ၊ ရေပက်ခံအပြီး ညနေခင်းအနားယူလိုကြတဲ့ သင်္ကြန်မောင်မယ်များအတွက်

❐ သင်္ကြန်အကျနေ့ (၁၃.၄.၀၄)၊ အကြတ်နေ့ (၁၄.၄.၀၄)၊ အကြတ်နေ့ (၁၅.၄.၀၄) ညနေ (၇း၃၀)မှာ သင်္ဘောထွက်ပါမယ်။ အတက်နေ့နဲ့ နှစ်ဆန်းတစ်ရက်နေ့ သင်္ဘောနားပါမယ်။

❐ ၁၈ .၄ .၀၄ (တနင်္ဂနွေနေ့) မှာ ပုံမှန် ညနေ ၅း၄၅ သင်္ဘောထွက်မယ်နော်။

(သင်္ကြန်ရက်တွေမှာ နေ့စဉ်၊ နေလည်ပိုင်း သင်္ကြန်မောင်မယ်များ အနားယူနိုင်ရန် အစားအသောက်မျိုးစုံ၊ မန္တလေးလက်ရာအကင်စုံတို့ကို ရရှိနိုင်ပါတယ်။)

ဆက်သွယ်ရန် အမှတ် (၂)၊ စဉ့်အိုးတန်းဆိပ်ခံတံတား၊ ဆိပ်ကမ်းမြို့နယ်။ ဖုန်း – ၂၈၇၆၉၁၊ ၅၄၅၆၁၃၊ ၃၇၆၇၀၃၊ ၂၂၂၂၄၁၊ ၇၀၆၀၁၀၊ ၀၉ ၈၀ ၃၃၉၈၁၊ ၀၉ ၈၀ ၂၀၃၇၊ ၀၉ ၅၀ ၁၅၃၅၄

မီးဘေးရှောင်
မလောင်ခင်တား

မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် ဆောက်လုပ်ရေးလုပ်သားများ ခေါ်ယူခြင်း

၁။ မလေးရှားနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ရန် အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

(၁) အသက်(၂၅)နှစ်မှ (၃၅) နှစ်အတွင်း ရှိရမည်။
(၂) အခြေခံပညာအလယ်တန်း (၈)တန်းအောင်ရမည်။
(၃) အင်္ဂလိပ်စကား အသင့်အတင့်ပြောဆိုနိုင်ရမည်။
(၄) ကျန်းမာရေး ကောင်းရမည်။
(၅) ပြစ်မှုကင်းရှင်းရမည်။
(၆) အကျင့်စာရိတ္တ ကောင်းမွန်ရမည်။

၂။ ရွေးချယ်ခံရသော လုပ်သားသည် အောက်ပါအတိုင်း ခံစားခွင့်ရှိသည်–

(က)တစ်နေ့(၈) နာရီ၊ လုပ်အားခ (၂၅)ရင်းဂစ် ရရှိမည်။

(ခ) တစ်နေ့အချိန်ပို(၂) နာရီ အလုပ်ဆင်းခွင့်ရှိပြီး သာမန်နှုန်း၏ ၁½ ဆ ရရှိမည်။

တစ်လပျမ်းမျှ ၈၀၀ ရင်းဂစ် ရရှိနိုင်သည်။

၃။ လျှောက်လွှာများကို ၂၀၀၄ ခုနှစ်၊ ဧပြီလ (၃၀)ရက်နေ့ နောက်ဆုံးထားလာရောက် လျှောက်ထားရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုက ရွှေအင်းဝဝန်ဆောင်မှုအေဂျင်စီ ကုမ္ပဏီလီမိတက်၊ အမှတ် ၁၁၁၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အောင်ဆန်း၊ အင်းစိန်မြို့နယ်။ ဖုန်း–၆၄၂၄၇၃၊ Fax–၆၄၂၉၀၂ သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။



မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲ မွန်မြတ်သော ရည်ရွယ်ချက်များ ထိန်းသိမ်း

သတင်းဆောင်းပါး၊ ဓာတ်ပုံ-သတင်းထောက်သန်းဆွေ (ပန်းဘဲတန်း)

ရန်ကုန် ဧပြီ ၁၀

၁၃၆၅ ခုနှစ် မဟာသင်္ကြန်ရေကစားပွဲတော်ကြီးကို မြန်မာတစ်နိုင်ငံလုံးတွင် ခြိမ့်ခြိမ့်သဲသဲစည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်သည်။ တန်ခူးလမှ တပေါင်းလအထိ ၁၂ လတွင်ဆယ့်နှစ်ရာသီပွဲတော်များရှိကြသည်။သည်ပွဲတော်များအနက် နှစ်ဟောင်းလွန်မြောက်၍ နှစ်သစ်သို့ရောက်ရန် အတာရေပက်ဖျန်း၍ ကြိုဆိုသော သင်္ကြန်ပွဲတော်သည် မြန်မာတစ်နိုင်ငံလုံးတွင် အစည်ကားဆုံးနှင့် ပျော်စရာရွှင်စရာ အကောင်းဆုံး၊ လူကြီး လူငယ်မရွေး ပါဝင်ဆင်နွှဲကြသော ပွဲတော်ကြီးဖြစ်သည်။

မဟာသင်္ကြန် ရေကစားပွဲတော်ကြီးကို မြန်မာတစ်နိုင်ငံလုံး လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပျော်ပျော်ပါးပါး ဆင်နွှဲကြမည်ဖြစ်သည်။ မြို့တော်ရန်ကုန်တွင်လည်း ခြိမ့်ခြိမ့်သဲသဲစည်ကားစွာ ကျင်းပမည်ဖြစ်သကဲ့သို့ ရေကစားမဏ္ဍပ်များကလည်း မြို့နယ်တိုင်း၊ ရပ်ကွက်တိုင်း တည်ဆောက်နေကြသည်။ အလုပ်ကြားများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ဌာနများ၊ ကျောင်းများ၊ အခြားအဖွဲ့အစည်းများကလည်း ယိမ်းများဖြင့် မဏ္ဍပ်များတွင် လှည့်လည်ဖျော်ဖြေရန် ပြင်ဆင်နေသည်ကို တွေ့နေရသည်။

ထို့ကြောင့် စာရေးသူသည် နှစ်သစ်ကို အတာရေဖြင့် ကြိုဆိုသောပွဲတော်ကြီးကို ဂုဏ်ပြုကြိုဆိုရင်းက ရန်ကုန်မြို့တော်ကြီးတွင် စည်စည်ကားကား အန္တရာယ်ကင်းစွာဖြင့် ပျော်ပျော်ပါးပါး ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိမှုများနှင့်ပတ်သက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့၊ ယာဉ်စည်းကမ်းထိန်းသိမ်းကြီးကြပ်မှုကော်မတီ၊ ရေကစားမဏ္ဍပ်၊ ဆုပေးမဏ္ဍပ်များအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုချက်ထုတ်ပေးသည့် တာဝန်ရှိပုဂ္ဂိုလ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ဌာနမှူး ဦးဖိုးလ်ဌေးအား တွေ့ဆုံမေးမြန်းခဲ့သည်။

စာရေးသူသည် ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ။ ၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကြီးနှင့်ပတ်သက်ပြီး နိုင်ငံတော်က လမ်းညွှန်ထားတာများ သိပါရစေ။

၂၀၀၄ ခုနှစ် မတ်လ ၂၄ ရက်နေ့က ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်မှာ ကျင်းပပြုလုပ်တဲ့ မဟာသင်္ကြန်ပွဲတော် ညှိနှိုင်းကွပ်ကဲရေး အစည်းအဝေးမှာ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ရည်ရွယ်ချက်လေးရပ်နဲ့ ကျင်းပဖို့ညွှန်ကြားခဲ့ပါတယ်။

ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးကို မြန်မာ့ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်။

ပြည်သူများ စိတ်ရွှင်လန်းချမ်းမြေ့စွာဖြင့် ပါဝင်ဆင်နွှဲနိုင်ရန်။

ပြည်သူများသည် မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေ ပက်ဖျန်းလန်းဆန်းစေပြီး နိုင်ငံတော်၏တာဝန်များကို နှစ်သစ်မှာ စွမ်းအားအပြည့်ဖြင့် ဆောင်ရွက်နိုင်ကြစေရန်။

မြန်မာမှု မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေး စရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန် ဆိုတဲ့ ရည်ရွယ်ချက်လေးရပ်နှင့် ကျင်းပပြုလုပ်ကြဖို့ လမ်းညွှန်ပေးခဲ့ပါတယ်။

မေး။ ။ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မဟာသင်္ကြန်ပွဲတော်ကြီးမှာ ဘယ်လိုထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ဖို့ စီမံထားပါသလဲ။

ကျွန်တော်တို့ဟာမြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကြီးရဲ့ မွန်မြတ်တဲ့ရည်ရွယ်ချက်တွေ မပျက်ပြားစေဖို့ ဦးတည်ပြီးတော့ အောက်ပါအပြောအဆို၊ အပြုအမူ၊ ဝတ်စားဆင်ယင်မှုတွေ၊ လှုပ်ရှားမှုတွေ မပြုနိုင်ရေး ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

(က)မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နဲ့ ဖီလာဆန့်ကျင်ပြီးတော့ မြန်မာလူမျိုးများရဲ့ အမြင်မှာ မတင့်တယ်တဲ့ ဝတ်စားဆင်ယင်မှုတွေ၊ အနေအထိုင် ပြုမူမှုများ။

(ခ)ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနဲ့ ဖီလာဆန့်ကျင်တဲ့ အပြုအမူနဲ့ ဝတ်စားဆင်ယင်မှုများ၊

(ဂ)သူတစ်ပါးအား ဒုက္ခရာအနာတရ ရစေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းတဲ့ ရေကစားမှု ထိပါးနှောင့်ယှက်မှုများ၊

(ဃ)နိုင်ငံတော်အစိုးရ ဂုဏ်သိက္ခာပျက်ပြားစေပြီး နိုင်ငံတော်အစိုးရအပေါ် အကြည်ညိုပျက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပြောဆိုခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်း စတဲ့အပြုအမူတွေ ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်ပြောချင်တာက ဘီယာ၊ အရက်သောက်လွန်ခြင်း၊ အပျော်လွန်ခြင်း၊ အနောက်အပြောင် လွန်ခြင်း၊ ယာဉ်အရှိန်ပြင်းစွာအမောင်းလွန်ခြင်းစတဲ့ လွန်လေးလွန်ကို မဟာသင်္ကြန်မှာ ထိန်းသိမ်းစေချင်ပါတယ်။

ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်
အတွင်းရေးမှူး
ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

မေး။ ။ သင်္ကြန်ကာလအတွင်းမှာ ရေကစားသူပြည်သူများနဲ့ အခြားပြည်သူများ ဘယ်လိုတာဝန်များကို ကျင့်သုံးဖို့လိုပါသလဲ။

ကျွန်တော်တို့အနေနဲ့ ထိန်းသိမ်းကြပ်မတ် ကွပ်ကဲရမည့် စည်းကမ်းချက်တွေကို ချမှတ်ထားတာရှိပါတယ်။

(က) ရေဆိုး၊ ရေပုပ်များနှင့် ပက်ခြင်း၊ ဆပ်ပြာမြှုပ်ထည့်ထားတဲ့ ဂက်စ်ဘူးများဖြင့်ပက်ခြင်း၊ ရေခဲထုပ်၊ ရေပူဖောင်းစသည်များဖြင့် ပစ်ပေါက်ခြင်း၊ ထိခိုက်အန္တရာယ်ရှိစေနိုင်သည့် ပစ္စည်းများဖြင့် ရေပက်ကစားခြင်း မပြုလုပ်ရန်။

(ခ) ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာမြှုပ်တွေ ဂက်စ်ဘူး ပြုလုပ်ရောင်းချသူများကိုလည်း ဖမ်းဆီးအရေးယူသွားမှာ ဖြစ်ပါတယ်။

(ဂ) ဘီယာ၊ အရက်ကုမ္ပဏီများက မော်တော်ယာဉ်များနှင့်ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ လှည့်လည်ရောင်းချခြင်း၊ ရေပက်မဏ္ဍပ်များအနီး၌ ဘီယာ၊အရက်ရောင်းချခြင်း၊ လူစည်ကားရာနေရာများတွင် ဘီယာ၊ အရက်ရောင်းချခြင်းကို လုံးဝခွင့်မပြုရန်၊

(ဃ) မဏ္ဍပ်များ၊ ရေပက်ခံကားများမှာ မဖွယ်မရာ ဆိုင်းဘုတ်များရေးသားခြင်း၊ ရေပက်ခံသူများ နဖူးစည်းများစည်း၍ ရေပက်ကစားခြင်းမပြုလုပ်ရန်၊

(င) သူတစ်ပါးအန္တရာယ်ဖြစ်စေနိုင်တဲ့ မျက်စိ၊ နား၊ နှာခေါင်း စသည့်တို့ကို အန္တရာယ်ပေးနိုင်တဲ့ ရေအား ပြင်းသည့် ရေပိုက်များဖြင့် ရေပက်ကစားခြင်းကို မဏ္ဍပ်ကသော်လည်းကောင်း၊ ရေပက်ခံကားများပေါ်ကသော်လည်းကောင်း မပြုလုပ်ရန်၊

(စ) ရေပက်ခံယာဉ်များ၊ ရေပက်ခံမဏ္ဍပ်များ၊ ဖျော်ဖြေရေးစင်မြင့်များရှေ့တွင် ကားတန်းများ ကြာရှည်စွာ ရပ်တန့်ထားခြင်း မပြုလုပ်ရန် သက်ဆိုင်ရာမဏ္ဍပ်မှ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များက ကြပ်မတ်ပေးရ မှာဖြစ်ပါတယ်။ မဏ္ဍပ်တာဝန်ခံ ပုဂ္ဂိုလ်နှစ်ဦးအနက် တစ်ဦးက မဏ္ဍပ်မှာ ဖြစ်ပေါ်လာတဲ့ ပြဿနာတွေ ရှင်းဖို့ အမြဲထိန်းသိမ်းပေးရန် ဖြစ်ပါတယ်။ နောက်ဆုံးတစ်ချက်က အမျိုးသမီးများအနေနဲ့ မဏ္ဍပ်တွေမှာ မြန်မာ့ယဉ်ကျေးမှုနဲ့ ဆန့်ကျင်ဖီလာပြီး အများမြင်ကွင်း မတင့်တယ်တဲ့ ကြိုးတစ်ချောင်းတပ် ဘော်လီ၊ ချက်နှင့်ဗိုက်သားများပေါ်အင်္ကျီ၊ တိုလွန်း၊ ကျပ်လွန်းသည့်ဘောင်းဘီများ၊ ပါးလွှာ၍ ရေစိုလျှင် မတင့်တယ်တဲ့ အဝတ်အစားများ မဝတ်ရန် ရေပက်မခံဖို့ ဖြစ်ပါတယ်။

မေး။ ။ ရေကစားရာတွင် ပါဝင် ဆင်နွှဲကြမည့် လူငယ်များကို ဘာများ သတိပေး ပြောကြားလိုပါသလဲ။

ဒီလိုရှိပါတယ် ဦးသန်းဆွေ၊ ကျွန်တော်နောက်ဆုံး လူငယ်တွေ မှာကြားချင်တာကတော့ လွန်လေးလွန်ကို ထိန်းသိမ်းစေလိုပါတယ်။

(က) ဘီယာ၊ အရက် စတာတွေကို အသောက်လွန်ပြီး အမူးလွန်ခြင်း။

(ခ) လူငယ်တွေဟာ ပျော်ကြပါးကြရာမှာ အပျော်လွန်ရာက ပြဿနာဖြစ်ပွားခြင်း ဖြစ်ပါတယ်။

(ဂ) အရက်သေစာမသောက်စားပေမယ့် အပျော်လွန်ရာက ပြဿနာဖြစ်တတ်ပါတယ်။ ပမာပြောရရင် အစလွန်တယ်၊ အနောက်လွန်တယ်ဆိုတဲ့ အချက်ကနေပြီးတော့ တစ်ဖက်နဲ့တစ်ဖက်၊ တစ်ဖွဲ့နဲ့ တစ်ဖွဲ့သင်္ကြန် မဏ္ဍပ်နဲ့ ကားပေါ်မှာပါတဲ့အုပ်စု အစအနောက်လွန်ခြင်းတို့ ဖြစ်ကြပါတယ်။

(ဃ) ယာဉ်များ အရှိန်ပြင်းထန်စွာ အမောင်းလွန်ခြင်းကြောင့် အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိုက်မှု ဖြစ်တတ်ကြပါတယ်။ ဒါကြောင့် ဒီလွန်လေးလွန်ကို ထိန်းသိမ်းကြမယ်ဆိုရင် ကျွန်တော်တို့ မဟာသင်္ကြန်ပွဲတော်ဟာ ပြဿနာများ ဖြစ်ပွားခြင်းနည်းတဲ့ မဟာသင်္ကြန်ပွဲတော် ဖြစ်မှာပါ။

စာရေးသူသည် ဆက်လက်၍ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းထံ ရောက်ရှိသွားခဲ့ရာ ရဲမှူးကြီးအောင်ဒိုင်း၏ စီစဉ်ပေးမှုကြောင့် ရန်ကုန်တိုင်း ဒုတိယရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းမြင့် (စာရေးဆရာ ကျိုက္ကော်ဝင်းမြင့်)နှင့် တွေ့ဆုံခဲ့ပါသည်။

မေး။ ။ ဒုတိုင်းတပ်ဖွဲ့မှူးခင်ဗျား ၁၃၆၅ ခုနှစ် မဟာသင်္ကြန်အတွက် စည်းကမ်းပိုင်းကို ဘယ်လိုဆောင်ရွက်ထားပါသလဲ။

ရန်ကုန်တိုင်းမှာ မဏ္ဍပ်ကြီး၊ မဏ္ဍပ်လတ်၊ မဏ္ဍပ်ငယ် သုံးမျိုးသုံးစားရှိပါတယ်။ ကျွန်တော်တို့ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ဝင်တွေက ရေကစားသူများ ပျော်ပျော်ရွှင်ရွှင်နဲ့ ရေကစားနိုင်ဖို့ ပံ့ပိုးကူညီသွားမှာဖြစ်ပါတယ်။ ပံ့ပိုးကူညီတဲ့ နေရာမှာလည်း စီမံချက်ချမှတ်ပြီးတော့ ဆောင်ရွက်ပေးမှာပါ။ အဓိကကတော့ ရေကစားတဲ့သူတွေ ပျော်ပျော်ရွှင်ရွှင်ကစားဖို့၊ မလိုအပ်တဲ့ အနှောင့်အယှက် အပျက်အစီးတွေ မဖြစ်အောင် ထိန်းသိမ်းပေးဖို့ စည်းကမ်းပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုပေါ့၊ ကျွန်တော်တို့ရဲ့ အလုပ်တာဝန်ရည်မှန်းချက်ပန်းတိုင်ကလည်း စည်းကမ်းသေဝပ်တည်ငြိမ်ရေး အချက်တစ်ချက်ပါဝင်ပါတယ်။ ကိုယ့်လုပ်ငန်းကို ပျော်ပွဲရွှင်ပွဲတွေမှာ စည်းကမ်းသေဝပ်မှုအဓိကထားပြီးတော့ ပံ့ပိုးကူညီ ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ အဓိကတာဝန်ဖြစ်တဲ့ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးကို သည်ကာလမှာ ပိုမိုထိရောက်စွာ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒုတိယရဲမှူးကြီးဝင်းမြင့်
ဒုတိုင်းတပ်ဖွဲ့မှူး၊ ရန်ကုန်တိုင်း။

မေး။ ။မြို့နယ်တွေအလိုက် ဘယ်လိုစီစဉ်ဆောင်ရွက်ထားပါသလဲ။

မြို့နယ်တွေမှာ မဏ္ဍပ်နည်းတဲ့ မြို့နယ်တွေရှိသလို မဏ္ဍပ်များတဲ့ မြို့နယ်တွေလည်းရှိကြပါတယ်။ ဒါကြောင့် မဏ္ဍပ်များတဲ့မြို့နယ်ကို မဏ္ဍပ်နည်းတဲ့မြို့နယ်တွေက ပံ့ပိုးပေးဖို့ အစီအစဉ်ရှိပါတယ်။ ကျွန်တော်တို့ကတော့ ခရိုင်လေးခရိုင်လုံးမှာ မလိုလားအပ်တဲ့ စည်းကမ်းဖောက်ဖျက်မှုတွေ မဖြစ်ရလေအောင်၊ နောက်တစ်ခါ ပျော်ပျော်ရွှင်ရွှင်နဲ့ သင်္ကြန်ပြီးသည်အထိ တပ်ဖွဲ့ဝင်တွေက ကူညီပံ့ပိုးပေးဖို့ ဆောင်ရွက်ထားပါတယ်။

အဓိကကတော့ ခရိုင်မှူးတွေကို အဓိကစီမံခိုင်းထားပါတယ်။ စခန်းတိုင်းမှာ လိုအပ်လို့ရှိရင် အချိန်မရွေး ပံ့ပိုးနိုင်ရန် အရန်အင်အားထားရှိတဲ့ စနစ်ဆောင်ရွက်ထားမှာပါ။ နောက်ပြီးကျွန်တော်တို့မှာ စက်တွေ၊ ဖုန်းတွေအလုံအလောက်ရှိတဲ့အတွက် စုတာ၊ ဖြန့်တာ၊ ခွဲတာတွေကို အလွယ်တကူဆောင်ရွက်သွားနိုင်မှာပါ။

မေး။ ။ဒုတိုင်းတပ်ဖွဲ့မှူးခင်ဗျား မဟာသင်္ကြန်ပွဲတော်ကြီးမှာ ရန်ကုန်တိုင်းအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ဆောင်ရွက်နေမှုကို သိပါရစေ။

ကျွန်တော်တို့ ယာဉ်ထိန်းတပ်ဖွဲ့ရဲ့ တာဝန်က ယာဉ်တိုက်မှုမဖြစ်ဖို့၊ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ဖို့၊ အထက်ပါအချက်တွေကို အဓိကထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကာလမှာ ကျွန်တော်တို့မှာရှိတဲ့ အင်အားတွေထဲက အားလုံးနီးပါး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် အရာရှိနှင့် အခြားအဆင့်ကိုးရာကျော် ထုတ်နုတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အဓိကက ဖျော်ဖြေရေးမဏ္ဍပ်ရှိတဲ့နေရာတွေ၊ နောက်တစ်ခါအများပြည်သူ အပန်းဖြေတဲ့ ဥယျာဉ်တွေ၊ ဒီနေရာတွေမှာ ယာဉ်ထိန်းတွေ တာဝန်ချထားပြီးတော့ ရှင်းလင်းဆောင်ရွက်သွားပါမယ်။ နောက်တစ်ခါ ပုံမှန် လမ်းဆုံမီးပွိုင့်၊ ရုံးဌာနတွေ နေရာမှာလည်း ပုံမှန်တာဝန်ချထားမှာပါ။

ရေပက်မဏ္ဍပ်နဲ့ ဖျော်ဖြေရေးမဏ္ဍပ်တွေများတဲ့ လမ်းတွေကိုတော့ တစ်လမ်းမောင်းစနစ် ကျင့်သုံးသွားပါမယ်။ အဲဒါတွေကတော့ အင်းလျားလမ်း၊ အင်းလျားလမ်းဆိုရင် တက္ကသိုလ်ရိပ်သာလမ်းကနေ ပြည်လမ်းဘက်ကို အထွက်ပဲ ခွင့်ပြုပါတယ်။ ပြည်လမ်းဘက်က ဝင်လို့မရပါဘူး ပိတ်ထားပါတယ်။ နောက် တက္ကသိုလ်ရိပ်သာတိုးချဲ့လမ်း အဲဒီလမ်းဆိုလျှင်လည်း ဆရာစံလမ်းနဲ့ တက္ကသိုလ်ရိပ်သာလမ်းဘက်ကနေပြီးတော့ အဝင်ခွင့်ပြု ထားပြီး ကမ္ဘာအေးစေတီလမ်းဘက်ကို အထွက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အလားတူပဲ ဆရာစံလမ်းဆိုရင်လည်း ဆရာစံလမ်းနဲ့ တက္ကသိုလ်ရိပ်သာလမ်းသစ်ဆုံရာက ကမ္ဘာအေးစေတီလမ်းဘက်ကို အထွက်ခွင့်ပြုသွားမှာ ဖြစ်ပါတယ်။ ဆရာစံလမ်းနဲ့ တက္ကသိုလ်ရိပ်သာလမ်းသစ်ကို ကမ္ဘာအေးစေတီလမ်းဘက်ကနေ ဝင်ခွင့်မပြုပါဘူး။ ကျန်တဲ့နယ်မြေတွေမှာလည်း တပ်ဖွဲ့ဝင်တွေ လိုအပ်ရင် လိုအပ်သလို ဆောင်ရွက်နိုင်အောင် ကျွန်တော်တို့ဘက်က အသင့်တာဝန်တွေထားရှိပြီး ဆောင်ရွက်သွားမှာပါ။



မြန်မာ့ယဉ်ကျေးမှုနှင့် မအပ်စပ်သော အပြုအမူ၊ အပြောအဆို၊ ဝတ်စားဆင်ယင်မှု၊ ကခုန်သီဆိုမှု စတဲ့ သရုပ်ပျက်လုပ်ဆောင်ချက်များ မလုပ်ရပါ။

ဦးဖိုးလ်ဌေး
အင်ဂျင်နီယာဌာန
(လမ်းနှင့်တံတား)ဌာနမှူး
ရန်ကုန်မြို့တော်စည်ပင်။

မေး။ ။မအားလပ်တဲ့ကြားက အခုလို တကူးတက ပြောကြားပေးတာ ကြေးမုံကိုယ်စား ကျေးဇူးတင်ပါတယ်။

စာရေးသူသည်ဆက်လက်၍မဏ္ဍပ်များတည်ဆောက်မှု စည်းကမ်းချက်များနှင့် ပတ်သက်၍ သိရှိလို၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)ဌာနမှူး ဦးဖိုးလ်ဌေးအား သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

မေး။ ။ဌာနမှူးခင်ဗျား သင်္ကြန်မဏ္ဍပ်များ တည်ဆောက်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို သိပါရစေ။

သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များက အချက်ပေါင်း ၂၀ ရှိ ပါတယ်။ ဒါတွေ အနက်အချို့ကို ပြောရရင် မဏ္ဍပ်များသည် လမ်းသား ကတ္တရာ၊ ကွန်ကရစ် ဂဝံပေါ်သို့ တက်ရောက်၍ ဆောက်လုပ်ခြင်း လုံးဝမပြုရပါ။ မြန်မာ့ယဉ်ကျေးမှုနှင့် မအပ်စပ်သော အပြုအမူ အပြောအဆို၊ ဝတ်စားဆင်ယင်မှု၊ ကခုန်သီဆိုမှုစတဲ့ သရုပ်ပျက်လုပ်ဆောင်ချက်များ မလုပ်ရပါ။ ရေကစားမဏ္ဍပ်များအား နေ့စဉ်ညနေ ၆ နာရီတွင် လုံးဝပိတ်သိမ်းရမည်။ မဏ္ဍပ်များအနီးတွင် အရက်၊ ဘီယာဆိုင်များ လုံးဝမရှိစေရပါ။ ရေပက်ခံသူများ ထိခိုက်နာကျင်မှုဖြစ်စေသည့် ရေအားပြင်းသော(Pressure Pipe) များ သုံးစွဲ၍ ရေပက်ခြင်းမလုပ်ရပါဘူး။

မေး။ ။ဌာနမှူးခင်ဗျား ယခုနှစ် သင်္ကြန်မဏ္ဍပ်များ ဘယ်နှစ်ခုရှိပါသလဲ။

အရင်နှစ် ၁၃၆၄ ခုနှစ်က မဏ္ဍပ် ၃၄၂ ခုရှိခဲ့ပြီး ယခုနှစ် ၁၃၆၅ ခုနှစ်မှာ သင်္ကြန်မဏ္ဍပ်ပေါင်း ဧပြီ ၅ ရက်ထိ ၄၀၃ ခုရှိပါတယ်။ ကဲ-ဘာများ သိလိုပါသေးလဲ။

အားလုံးပြည့်စုံပါတယ်။ ကျွန်တော်တို့ ကြေးမုံက သိလိုတဲ့ အချက်အလက်တွေ ဖြေကြားပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်ခင်ဗျာ။ ။

မော်ဘီတပ်နယ် သစ်ပင်ပျိုးပွဲတော်အခမ်းအနား ကျင်းပ
တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ သစ်စေ့များပျိုးထောင်

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ၂၀၀၄ခုနှစ် မော်ဘီတပ်နယ် သစ်ပင်ပျိုးပွဲတော်အခမ်းအနားကို ဧပြီ ၈ရက် နံနက် ၆နာရီခွဲတွင် မော်ဘီတပ်နယ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ပြီး သစ်စေ့များ ပျိုးထောင်ပေးသည်။ (အောက်ပုံ)

အခမ်းအနားသို့ အမှတ်(၁) စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်၊ မင်္ဂလာဒုံတပ်နယ်မှူး ဗိုလ်မှူးကြီး ဝင်းနောင်၊ မော်ဘီတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးတင်ဦး၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မော်ဘီတပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်ရင်းတပ်ဖွဲ့မှူးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် ၎င်းတို့၏ မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သစ်ပင်များ စိုက်ပျိုးသည့်ကာလတွင် ဒေသစိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုသည့် သစ်ပင်များသာမက စီးပွားရေး အထောက်အကူပြုအပင်များဖြစ်သည့် တမာ၊ မန်ကျည်း၊ ထန်း၊ သစ်ဆိမ့်၊ ငရုတ်ကောင်းနှင့် အဖိုးတန်ဝါးပင်များကို တိုးချဲ့စိုက်ပျိုးသွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ယခုအခါ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်သီးနှံများကို ကွက်လပ်မကျန် စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်များနှင့် တပ်ရင်းတပ်ဖွဲ့များသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ပတ်လည် အတွင်းပါရှိသဖြင့် တပ်နယ်များအလိုက် စနစ်တကျပျိုးထောင်ပြီး စိုက်ပျိုးကြရေးနှင့် တပ်ရင်းတပ်ဖွဲ့မှူးများက မိမိတို့ တပ်ပတ်ဝန်းကျင် အစဉ်စိမ်းလန်းစိုပြည်ရေးအတွက် မျိုးစေ့၊ ပျိုးပင်များ စုဆောင်းခြင်းနှင့် ပျိုးထောင်ခြင်း၊ သစ်ပင်ပျိုးပွဲတော်များကျင်းပပြီး ပညာပေးစည်းရုံးခြင်း၊ တပ်ရင်းတပ်ဖွဲ့များအလိုက် ပျိုးပင်များ စနစ်တကျ ထိန်းသိမ်းခြင်း၊ သစ်ပင်စိုက်ပွဲတော်များ ကျင်းပပြီး သစ်ပင်များ စိုက်ပျိုးခြင်း၊ စိုက်ပျိုးပြီးသစ်ပင်များ အောင်မြင်ဖြစ်ထွန်းစေရန်နှင့် ရေရှည်တည်တံ့ အောင်မြင်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းများကို စီမံချက်ချ ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီး ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း သစ်တောဦးစီးဌာန၏ ကျွန်းပင်တစ်သျှူး မွေးမြူခြင်းလုပ်ငန်း အခြေအနေများကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီး ဒေါ်ခင်သက်ဌေးနှင့်အဖွဲ့ဝင်များသည် သစ်ဆိမ့်၊ ပျဉ်းကတိုး၊ မန်ကျည်းနှင့် ကျွန်းစေ့များကို ပျိုးအိတ်အတွင်း ထည့်သွင်းပျိုးထောင်ပေးသည်။

